# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၃၄)


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းမြို့မှ အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါပြီး ပေကျင်းမြို့သို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် တီယန်ကျင်းဘူတာမှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် ထွက်ခွာကြသည်။

**အလံများ ဝှေ့ယမ်းနှုတ်ဆက်**

ထိုသို့ ထွက်ခွာစဉ် တီယန်ကျင်းဘူတာရုံ၌ တီယန်ကျင်းမြို့ မြူနီစီပယ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထိုသို့ပို့ဆောင်နှုတ်ဆက်စဉ် တရုတ်နိုင်ငံမှ ပြည်သူများက ဘူတာရုံလျှောက်လမ်း၌ နိုင်ငံအလံများဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ◯*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းမြို့မှ အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါကြပြီး လမ်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်ရှုစဉ်။


**ယနေ့ ဖတ်စရာ**

**ရွေးကောက်ပွဲနှင့် နိုင်ငံသားတစ်ဦးရဲ့ တာဝန်** — ဆောင်းပါး — စာ ၁၀

**နီပေါနိုင်ငံသို့ နိုင်ငံတကာခရီးသွား ဝင်ရောက်မှု ယခုနှစ် ဩဂုတ်လအတွင်း ၂၂ ရာခိုင်နှုန်း မြင့်တက်** — နိုင်ငံတကာသတင်း — စာ ၁၄

**တော်သလင်းလနှင့် မြန်မာ့ဓလေ့ လှေပြိုင်ပွဲတော်** — ဆောင်းပါး — စာ ၁၅


## ပေကျင်းမြို့၌ ကျင်းပမည့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၂

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကျင်းပပုံများကို စက်တင်ဘာ ၃ ရက်၊ နံနက် ၇ နာရီ မိနစ် ၃၀ မှစတင်၍ MRTV HD Channel ၊ MRTV News Channel ၊ MITV Channel ၊ MWD HD Channel နှင့် MRTV APP: တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **သတင်းစဉ်**

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပေကျင်းမြို့ Southern Station ဘူတာ၌ ပေကျင်းမြူနီစီပယ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံပြည်သူများက ဘူတာရုံလျှောက်လမ်းတစ်လျှောက် အလံများဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်စဉ်။

❍ရှေ့ဖုံးမှ

**လေ့လာကြည့်ရှု**

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါကြပြီး လမ်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်ရှုကြသည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၊ Southern Station ဘူတာသို့ ရောက်ရှိကြရာ ပေကျင်း မြူနီစီပယ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူ တစ်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်နိုင်ငံပြည်သူများက ဘူတာရုံလျှောက်လမ်းတစ်လျှောက် အလံများဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သား/သမီးများ၊ စစ်သည်အစားခန့်(အရပ်သား) ဝန်ထမ်းများ၏ သား/သမီးများ၊ စစ်သည်များ၊ လူရည်ချွန်ဆု ရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းများကို စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ လည်းကောင်း၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ် ခန်းမ၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်ရှိ အောင်ဆန်းခန်းမ၌




လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသား ကျောင်းသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းများကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် ရောဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ **မိုး/ဇလ**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံး မိသားစုများ၊ ပညာတော်သင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

# ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိစေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်

**နေပြည်တော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ပညာတော်သင် ကျောင်းသား ကျောင်းသူများအား ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် ပညာတော်သင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံရုံး၊ စစ်သံရုံး မိသားစုများနှင့် ပညာတော်သင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် စစ်သံမှူးတို့က သံရုံး၊ စစ်သံရုံး မိသားစုများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

### အကျိုးရလဒ်များကို ရရှိစေ

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုကြောင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation–SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာအခမ်းအနားများသို့ တက်ရောက်ခွင့်ရခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များကို ရရှိစေကြောင်း။

မိမိ၏ အလုပ်သဘောခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး ကောင်းမွန်သည့် ရလဒ်များရရှိအောင် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံမှုများ ကောင်းမွန်တိုးတက်လျက်ရှိကြောင်း၊ အလားတူ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ဆက်ဆံမှု တိုးတက်ကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးအချိန်မှစတင်၍ နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်၍ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိစေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီ ပထမအစိုးရသက်တမ်းတွင် ဒီမိုကရေစီစနစ် ခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ကြောင်း။


တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာဖြင့် ကောက်ယူနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် မဲဆန္ဒရှင်စာရင်းများကို ရရှိနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုနိုင်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲအား

*စာမျက်နှာ ၅ သို့*

**❂ မိမိတို့အနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၊ ထိုသို့ ဆောင်ရွက်ရာ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာဖြင့် ကောက်ယူနိုင်ခဲ့ပြီးဖြစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် မဲဆန္ဒရှင်စာရင်းများကို ရရှိနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုနိုင်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ကျောက်ယွိထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေးသည်။

**ရင်းရင်းနှီးနှီးကြိုဆို**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် SCO အဖွဲ့အစည်းသည် အရှေ့တောင်အာရှနိုင်ငံများအတွက် အရေးပါသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့တွင် ပါဝင်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ အေးအတူ ပူအမျှ အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ အပြန်အလှန် အထောက်အကူပြုလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား စီးပွားရေးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မတ်လအတွင်း လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

---

*စာမျက်နှာ ၄ မှ*

ဒေသအလိုက် တည်ငြိမ်အေးချမ်းမှုများကို အခြေခံ၍ အပိုင်းလိုက် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှု မရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) ဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း အဆိုပါမဲပေးစနစ်ဖြင့် ဆန္ဒမဲများ ပေးလျက်ရှိကြောင်း၊ ဒီမိုကရေစီနိုင်ငံများ၌ ရွေးကောက်ပွဲသည် အရေးကြီးပြီး ရွေးကောက်ပွဲပြုလုပ်ရာတွင် မဲမသမာမှုများမဖြစ်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအနေဖြင့် ပညာတတ်များဖြစ်ရန်လည်း လိုကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် နိုင်ငံအတွက်၊ ဒေသအတွက် အကျိုးပြုနိုင်မည့်သူကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်နိုင်ရန်လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးစအချိန်မှ စတင်၍ နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင် စီမံခန့်ခွဲမှုနှင့် လွဲမှားသည့် မူဝါဒများကြောင့် နိုင်ငံစီးပွားရေးမှာ ကျဆင်းခဲ့ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း၌ ထုတ်ကုန်များ ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းသုံးစွဲမှုဖူလုံပြီး ပိုလျှံသည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်အောင်ထုတ်လုပ်နိုင်မှသာ နိုင်ငံ၏ စီးပွားရေးမှာ တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် အလုပ်လုပ်မှသာ နိုင်ငံ၏စီးပွားရေးမှာ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အတန်းပညာရှိသည့် ပညာတတ် လူသားအရင်းအမြစ်များ လုံလောက်စွာရှိရန်လိုကြောင်း၊ အတန်းပညာများ တိုးတက်လာမှသာ အသိပညာများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးတွင် တာဝန်ရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးအတွက် သံတမန်တာဝန် ထမ်းဆောင်နေကြသူများ ရှိသကဲ့သို့ နိုင်ငံတော်၏ အကျိုးကို ထမ်းဆောင်နိုင်ရန်အတွက် ပညာတော်သင်အဖြစ် လာရောက်ပညာသင်ကြားနေကြသူများလည်းရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံး မိသားစုများနှင့် ပညာတော်သင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီးနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင်များက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံး မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ စွယ်တော်မြတ်စေတီတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့

# ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညို

**နေပြည်တော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်းသို့ ရောက်ရှိကြရာ ကျောင်းတိုက်မှ တာဝန်ရှိသူများနှင့် ဒေသခံဗုဒ္ဓဘာသာဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လင်ကွမ်းဘုရားကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

### မေးမြန်းလျှောက်ထား

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စွယ်တော်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဗုဒ္ဓမြတ်စွယ်တော်အား ပြည်တွင်း ပြည်ပ ဘုရားဖူးများ လာရောက်ဖူးမြော်မှုအခြေအနေများ၊ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်အပူဇော်ခံလိုမှုနှင့် စွယ်တော်မြတ်ကျောင်းတိုက်အတွက် လိုအပ်ချက်များအား မေးမြန်းလျှောက်ထားရာ ဆရာတော်ကြီးက ပြည်တွင်း ပြည်ပဘုရားဖူးများ လာရောက်ဖူးမြော်လျက်ရှိမှုနှင့် စွယ်တော်မြတ်ကျောင်းတိုက်အား ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ပြန်လည်မိန့်ကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ကျောင်းထိုင်ဆရာတော်ကြီးကဓမ္မလက်ဆောင်များပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စွယ်တော်မြတ်ကျောင်းတိုက်အတွက် ဘက်စုံစုပေါင်း အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

### ဖူးမြော်ကြည်ညို

ထို့နောက် စွယ်တော်မြတ်စေတီတော် ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စွယ်တော်မြတ်စေတီတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုရာ ကျောင်းထိုင်ဆရာတော်ကြီးက ဗုဒ္ဓမြတ်စွယ်တော်သမိုင်းအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော် ကြည်ညိုခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်တော်မူသည့် လင်ကွမ်းဘုရားကျောင်းသည် ပေကျင်းမြို့တွင်တည်ရှိပြီး ဗုဒ္ဓ၏ စွယ်တော်၊ ဓာတ်တော်နှင့် ရှေးဟောင်းစေတီတော်များ တည်ရှိသောကြောင့် လူသိများသော သမိုင်းဝင်ဗုဒ္ဓဘုရားကျောင်း တစ်ခုဖြစ်ကြောင်း၊ အဆိုပါဘုရားကျောင်းအား တန်မင်းဆက်လက်ထက်တွင် တည်ဆောက်ခဲ့ပြီး မူလက ကျိမ်ကျယ်ဘုရားကျောင်းဟု ခေါ်တွင်ခဲ့ကြောင်း၊ လျောင်မင်းဆက်လက်ထက်တွင် ဘုရားကျောင်းကို ပြန်လည်တည်ဆောက်ခဲ့ပြီး လင်ကွမ်းဘုရားကျောင်းဟု အမည်ပြောင်းလဲခဲ့ကြောင်း၊ မင်မင်းဆက်လက်ထက်တွင် ဘုရားကျောင်းသည် ဝတ်ပြုရေးနှင့် ဘုရားဖူးခရီးစဉ်ကို အဓိကဗဟိုပြုချက် ဖြစ်လာခဲ့ကြောင်း၊ ချင်မင်းဆက်၊ ချင်လုံဧကရာဇ်လက်ထက် ၁၇၄၈ ခုနှစ်တွင် အုတ်နှင့်ကျောက်တို့ဖြင့် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ရန် Tooth Relic စေတီကို တည်ဆောက်ခဲ့ကြောင်း၊ စေတီတော်သည် ၁၃ ထပ်ရှိပြီး အဋ္ဌဂံအုတ်မျှော်စင်ဖြစ်ကြောင်း၊ ချင်မင်းဆက်ကျဆုံးပြီး ၁၉ ရာစုမှ ၂၀ ရာစုအစောပိုင်း နိုင်ငံရေးမငြိမ်သက်မှုများကြောင့် ဘုရားကျောင်းထိန်းသိမ်းမှုကို ထိခိုက်စေခဲ့ပြီး ဒုတိယတရုတ် – ဂျပန်စစ်ပွဲ (၁၉၃၇–၁၉၄၅) အတွင်း ပျက်စီးခဲ့ကြောင်း၊ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ပြုပြင်ပြောင်းလဲရေး ခေတ်နောက်ပိုင်းတွင် ပြန်လည်၍ ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူသည့် စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ထားကြောင်း၊ အဆိုပါလင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ၁၉၅၅ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ် မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

**မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ (Future Front Myanmar : Youth Strategy Forum – 2025) ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ (Myanmar Convention Centre – MCC) ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့ကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ရေးရာ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းလူငယ်ရေးရာ ကိုယ်စားလှယ်များက "အနာဂတ်၏ အလင်းရောင်များ" တေးသီချင်းဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေကြသည်။

**အနှစ်သာရအရှိဆုံးနှင့် အားအဖြစ်ဆုံးဖိုရမ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ရေးရာကိုယ်စားလှယ်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အဆင့် ဖိုရမ်လေးခု ကျင်းပခဲ့ရာ ယခုကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅သည် နိုင်ငံတော်အတွက် အနှစ်သာရအရှိဆုံးနှင့် အားအဖြစ်ဆုံး ဖိုရမ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့်ဖိုရမ်သို့ တက်ရောက်လာကြသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ယခုဖိုရမ်သို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက်ရောက်လာကြသည့်အတွက် မတူကွဲပြားသည့် တိုင်းရင်းသားလူငယ်များအနေဖြင့် အတွေးအခေါ် အယူအဆများ တစ်ဦးနှင့်တစ်ဦး တစ်ထပ်တည်းမကျနိုင်သော်လည်း အနာဂတ်နိုင်ငံတော်သို့သွားရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး လှပသာယာဖွံ့ဖြိုးတိုးတက်အောင် ထုဆစ်ပုံဖော်နိုင်သူများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။




ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်စဉ်။




ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ဖျော်ဖြေတင်ဆက်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

**ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကိုစက်မှုတက္ကသိုလ်)၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေးအောင်တို့က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းများနှင့် ဖိုရမ်အထိမ်းအမှတ်တံဆိပ်များ ပေးအပ်သည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ လူငယ်ရေးရာ ကိုယ်စားလှယ်များက အပျိုတော်ယိမ်းအက၊ " လူချွန်လူကောင်း" တေးသီချင်း၊ "လှမျိုးစုံကြွယ် ယဉ်တစ်ကိုယ်မယ်" ခေတ်(၆)ခေတ် ယိမ်းအက၊ "ကချင်ရိုးရာအကအလှ"၊ "ငွေတောင်ပြည်မှ ဖိတ်ခေါ်သံ" တေးသီချင်း၊ "ဒိုးယိမ်းည" အက၊ "ကျွန်ုပ်တို့ဇာတိမြေ" တေးသီချင်း၊ "သွေးချင်းတို့ဌာနေ မြန်မာပြည်" တိုင်းရင်းသားယိမ်းအက၊ "ဦးရွှေရိုးနှင့် ဒေါ်မိုး" အက၊ "သာယာလှပမွန်ဒေသ"၊ "အရောက်လာလေ လေးရက်မြေ"၊ "မောရှမ်းမြေ"၊ " ဖိုရမ် နှလုံးသား" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အနုပညာရှင်များကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် အဖွဲ့များကို အမှတ်တရလက်ဆောင်ပန်းခြင်း ပေးအပ်သည်။ **သတင်းစဉ်**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တက်ရောက်သည့် တိုင်းရင်းသားလူငယ်များ ရန်ကုန်မြို့ရှိ အထင်ကရနေရာများ ကြည့်ရှုလေ့လာ

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ သုံးရက်တိုင်ကျင်းပခဲ့ရာ ဖိုရမ်သို့တက်ရောက်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များသည် ယနေ့တွင် ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားလူငယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ရန်ကုန်တက္ကသိုလ်၊ အမျိုးသားပြတိုက်၊ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) **(ယာပုံ)** တို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အပျော်စီးသင်္ဘောဖြင့် ရန်ကုန်မြစ်တစ်လျှောက် ဆိပ်ကမ်းများနှင့် မြန်မာ – ကိုရီးယား ချစ်ကြည်ရေးတံတား(ဒလ) ကို ကြည့်ရှုလေ့လာကြပြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာနှင့် တိုင်းရင်းသားကျေးရွာတို့ကို လေ့လာကြည့်ရှုကြသည်။ **သတင်းစဉ်**



# "မေတ္တာတေးသံ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ "မေတ္တာတေးသံ" တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၅ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

စက်တင်ဘာ ၆ ရက်တွင် ရောက်ရှိမည့် "တော်သလင်းလပြည့်နေ့" တစ်နည်းအားဖြင့် "ဂရုဓမ္မအခါတော်နေ့" နှင့် သင့်လျော်ကိုက်ညီစွာ ကိုယ်ကျင့်သီလရှိကြရန်နှင့် မေတ္တာပွားများကြရန် နှီးဆော်သည့် မေတ္တာတေးသံသာများကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ရတေးသံရှင်များဖြစ်ကြသည့် ဝိုင်းလမင်းအောင်၊ စဝ်ဝဏ္ဏကျော်စွာ၊ ကိုကိုနွေဦး၊ တေဇာဝင်း၊ မြတ်နှသွေး၊ နန်းစန္ဒီ၊ ရွှေရုပ်လေးနှင့် မိုးဖူးဖူးခင်တို့က သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့် ပြသမှုနှင့်အတူ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်သည့်အပြင် စက်တင်ဘာ ၇ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV– HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူစီးကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲနှင့် ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

လူစီးကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်၏ အသင်းပိုင်လယ်မြေကေ ၂၀ ၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဦးစီးဌာနများမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးစပါးပျိုးထောင်ထားရှိမှု၊ လူစီးကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြနေမှုနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုအားပေး၍ လယ်ဝေးမြို့နယ်အတွင်းရှိ မိုးစပါးစိုက်သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက လူစီးကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်များ အသုံးပြုလာနိုင်ခြင်းကြောင့် လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ အသင်းသား တောင်သူများအနေဖြင့် ရာသီအလိုက်စိုက်ပျိုးနိုင်သည့် မြေနေရာများတွင် ဈေးကွက်ဝင်သည့် သီးနှံများကို သီးထပ် သုံးသီးစိုက်ပျိုးကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဓာတ်မြေသြဇာများ အချိန်မီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေးမှန်ကန်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူးက ၂၀၂၅ ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ သုံးလအတွက် ကုမ္ပဏီအလိုက် ထောက်ခံပေးထားသည့် မြေသြဇာနှင့် ပိုးသတ်ဆေးတန်ချိန်များ မှတ်တမ်းတင်ပေးနိုင်ရန်၊ ဩဂုတ်လအတွင်း ဖြန့်ဖြူးပေးသည့် ဓာတ်မြေသြဇာများအတွက် သွင်းကုန် လိုင်စင်အစားထိုးရရှိရေးနှင့် နိုင်ငံခြားငွေလဲလှယ်ခွင့်ရရှိရေး ထောက်ခံပေးထားမှုအပေါ် မှတ်တမ်းတင်ပေးနိုင်ရန်နှင့် တောင်သူလက်ဝယ် တိုက်ရိုက်ဖြန့်ဖြူးရောင်းချခဲ့သည့် အစီအမံများကို လည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက မြေသြဇာနှင့် ပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးရောင်းချမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ကော်မတီအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေသြဇာသွင်းအားစု ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂**

မိုးစပါးစိုက်ပျိုး တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေသြဇာသွင်းအားစု ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး **(အောက်ပုံ)** နေပြည်တော် ကျေးလက်ဒေသ



ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးမှူးတို့က ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးသည့် အခြေအနေ၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ ပေါင်းစပ်အသုံးပြုနည်းနှင့် သွင်းအားစုများ စနစ်တကျ ထည့်သွင်းနည်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာများ သွင်းအားစုများကို တောင်သူများထံ ပေးအပ်ကြပြီး တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု ကွင်းအမှတ်-၁၈၂၃ အဆင့်မြင့်လယ်ယာမြေကေရှင်းလင်းဆောင်သို့သွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားပြီး နေပြည်တော်စိုက်ပျိုးရေးဦးစီးမှူးက ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ ပေါင်းစပ် အသုံးပြုပုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဓာတ်မြေသြဇာများ၊ နေပြည်တော်ကောင်စီဝင်များက အောင်နိုင်တိုး မျိုးစပါးများ၊ ဓာတ်မြေသြဇာများနှင့် EM များကို တောင်သူများထံ ပေးအပ်ကြပြီး ဗေဒါရိုး၊ နှမ်းရိုး၊ မြေပဲခွံတို့ဖြင့် သဘာဝမြေဆွေး ပြုလုပ်နည်းကို သရုပ်ပြသမှု၊ တောင်သူဒေါ်ဝင်းမော်၏ လယ်မြေ ၁၀ ကေတွင် ရေဆင်းပေါ်ဆန်းစပါးမျိုးကို ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုနှင့် မိုးစပါးများ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ပတ္တာကျေးရွာသို့သွားရောက်ပြီး ပဒါန်းဆည် ရေသောက်စနစ်အတွင်းရှိ လက်တံမြောင်း အမှတ် (၂) ပြန်လည်တူးဖော် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေးခရိုင်နှင့် မင်္ဂလာဒုံခရိုင်တို့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များသို့ ဆန်နှင့်ဆီ ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေးခရိုင်နှင့် မင်္ဂလာဒုံခရိုင်တို့မှ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ ဆန်နှင့်ဆီ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက သတ်မှတ်နေရာအသီးသီးတွင် ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင်အတွင်းရှိ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များသို့ ဆန်၊ ဆီ ပေးအပ်ပွဲ အခမ်းအနားကို တွံတေးခရိုင် တွံတေးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူး၊ ကြက်သွန်နီနှင့် အာလူးများကို ပေးအပ်ကြပြီး တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြား၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင်အတွင်းရှိ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ ဆန်၊ ဆီ ပေးအပ်ပွဲ အခမ်းအနားကို ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များကိုပေးအပ်ပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြား၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။



**ဖွဲ့ထက်ကို(ပြန်/ဆက်)**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။**

## မန္တလေးမြို့၌ ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားများကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုသည်မှာ အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ လျော့ပါးစေရေးဟူသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု စက်ဝန်း (Disaster Management Cycle) ပါ လုပ်ငန်းရပ်များသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက်၊ သက်ဆိုင်ရာနယ်မြေဒေသအစိုးရအဖွဲ့များအလိုက် စနစ်တကျဖြင့် ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားဆဲ၊ ဘေးဖြစ်ပွားပြီးစသည့် ကာလများပိုင်းခြား၊ စီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်ရသည့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်များကြောင့်



ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအပေါ် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချပြီး ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သောပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖြစ်ထွန်းပေါ်ပေါက်စေရန် သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ပတ်သက်သူများ၊ အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ သင်တန်းသူများအား မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆပ်ပြာရည်ပြုလုပ်နည်းသင်တန်း စသည့်လက်မှုပညာရပ်များဖြင့် ကျောင်းပြင်ပပညာရေး သင်ကြားပေးနေမှုကိုလည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ဘာသာစကားနှင့် လက်မှုပညာသင်ကြားနေမှုများကို လည်းကောင်း၊ သင်တန်းသား သင်တန်းသူ ထမင်းစားဆောင်နှင့် မီးဖိုချောင်တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၁၈၆၉၉ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေး ငွေကျပ် ၁၁၀၀ ဒသမ ၀၇၀ သန်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းဂေဟာ၊ ရိပ်သာစုစုပေါင်း ၂၈ ခုနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၄၇ ကျောင်းတို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၂၈၇ ဒသမ ၀၉၃ သန်း၊ တိုင်းဒေသကြီးအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူ ၄၇၈၅၁ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရံပုံငွေမှ ဧပြီ၊ မေနှင့် ဇွန်လအတွက်ထောက်ပံ့ငွေကျပ် ၂၈၇၁ ဒသမ ၀၆ သန်း၊ စုစုပေါင်း ငွေကျပ် ၄၂၅၈ ဒသမ ၂၂၃ သန်းကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် ကမ္ဘောဇဖောင်ဒေးရှင်းက KBZ Center ၌ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးနှင့် အရာထမ်း၊ အမှုထမ်းများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်များ ပေးအပ်ပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ**(အောက်ပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ အချက်အလက်များ၊ မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းထားရှိမှုနှင့် MEVM စက်များ ဖြန့်ဖြူးပေးထားမှုအခြေအနေများကို လည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ခရိုင်အလိုက် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ စသည့် အခြေခံစားသောက်ကုန်များပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အရာထမ်း၊ အမှုထမ်းများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ စသည့် အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

ယနေ့အခမ်းအနားတွင် ဝန်ထမ်းတစ်ဦးလျှင် ဆန်လေးပြည်နှင့် စားသုံးဆီ ၅၀ ကျပ်သားနှုန်းဖြင့် စုစုပေါင်းဝန်ထမ်း ၄၃၀ အတွက် ဆန် ၇၂ အိတ်၊ စားသုံးဆီ ၂၁၅ ပိဿာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ပဲခူး စက်တင်ဘာ ၂**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဲခူးမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ဘက်စုံပညာကိုရည် တို့လှမ်းချီ” တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာဂုဏ်ထူးနှင့် လေးဘာသာဂုဏ်ထူး ရရှိကြသူများနှင့် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သည့် အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းတို့ကို ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ကောင်းခြင်းမင်္ဂလာ” သီချင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပန်းဥယျာဉ်” သီချင်း၊ အခြေခံပညာ အထက်တန်းကျောင်း (မြို့အနောက်-ခ)ကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပန်းတိုင်းပွင့်ပြီ မြန်မာပြည်” သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွေးကောက်ပွဲနှင့် နိုင်ငံသားတစ်ဦးရဲ့တာဝန်

**မောင်ကမ္ဘာ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားတဲ့ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကို ဩဂုတ်လ ၁၅ ရက် ရက်စွဲနဲ့ ထုတ်ပြန်လိုက်ပါတယ်။

ယခုတစ်ကြိမ် ကျင်းပမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရဲ့ ထူးခြားချက်ကတော့ ယခင် မူလမဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP)အပြင် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၂၆ နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၄၂ နယ်တို့မှာ အချိုးကျကိုယ်စားပြုစနစ် (PR) ကို ထည့်သွင်းကျင်းပထားခြင်း ဖြစ်ပါတယ်။

### မဲပေးရာမှာ မှန်ကန်လွယ်ကူ မဲမသမာမှုများမဖြစ်

ဒါ့အပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေ မဲပေးရာမှာ မှန်ကန်လွယ်ကူစေဖို့နဲ့ မဲမသမာမှုများ မဖြစ်ပွားစေဖို့ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသုံးပြုမဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ မဲပေးခြင်းဖြင့် မဲရုံပိတ်သိမ်းချိန်မှာ အရင်ကလို မဲလက်မှတ်တွေကို ထုတ်ယူရေတွက်မှုမျိုးမဟုတ်ဘဲ မဲပေးသူအရေအတွက်နဲ့ ပါတီအလိုက် မဲရလဒ်အရေအတွက်ပါတဲ့ မဲရလဒ်စာရွက်ကို မဲပေးစက်ကနေ ပရင့်ထုတ်လိုက်တာနဲ့ စက္ကန့်ပိုင်းအတွင်း ထွက်လာမှာဖြစ်တဲ့အတွက် အချိန်တိုအတွင်း မဲရလဒ်များ ရေတွက်နိုင်ခြင်း၊ တိကျတဲ့မဲရလဒ်များ ရရှိနိုင်ခြင်း စတဲ့ အားသာချက်တွေရှိတယ်လို့ သိရပါတယ်။

MEVM မဲပေးစက်နဲ့မဲပေးပြီး ပရင့်ထုတ်လိုက်တာနဲ့ မဲရလဒ်က တန်းထွက်လာမှာဖြစ်ပြီး ပါတီအလိုက် မဲရလဒ်၊ ပရင့်ထုတ်တဲ့အချိန် နာရီအတိအကျအပြင် မဲပေးစက်၊ မဲပုံး၊ ထိန်းချုပ်စက်တွေမှာပါတဲ့ စက်နံပါတ်တွေအတိအကျနဲ့ မဲရလဒ်စာရွက်က ထွက်လာမှာဖြစ်ပါတယ်။ မဲလက်မှတ်တွေကို မဲရလဒ်အပေါ် ကန့်ကွက်လွှာတင်လာတဲ့ အချိန်မျိုးမှအပ အရင်ကလို မဲလက်မှတ်တွေကို ဖွင့်ဖောက်ရေတွက်စရာမလိုဘူးလို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၄ ရက်



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးစဉ်။

က ကျင်းပတဲ့ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ပတ်သက်ပြီး သတင်းမီဒီယာများကို ရှင်းလင်းပြသခြင်းနဲ့ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားမှာ ပြောကြားပါတယ်။

### ကမ္ဘာ့နိုင်ငံပေါင်း ၃၄ နိုင်ငံမှာ အသုံးပြု

E-Voting စနစ်ကို အာဂျင်တီးနား၊ ဘရာဇီး၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဘယ်လ်ဂျီယံ၊ ဗင်နီဇွဲလား စတဲ့နိုင်ငံတွေအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၄ နိုင်ငံမှာအသုံးပြုလျက်ရှိတယ်လို့လည်း ဆိုပါတယ်။ အဲဒီနိုင်ငံတွေမှာ အသုံးပြုလျက်ရှိတဲ့ အီလက်ထရောနစ်မဲပေးစက်တွေကို လေ့လာပြီး မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ စာတတ်မြောက်မှုနှုန်း၊ နားလည်မှုအခြေအနေတို့နဲ့ အကိုက်ညီဆုံးဖြစ်တဲ့ဒီဇိုင်းကို တီထွင်ထားခြင်း ဖြစ်တယ်လို့လည်း သိရပါတယ်။

MEVM မဲပေးစက်နဲ့ မဲပေးတဲ့အခါမှာ မဲပေးမယ့် မဲဆန္ဒရှင်ဟာ လျှို့ဝှက်မဲပေးစနစ်နဲ့သာ မဲပေးရမှာဖြစ်ပြီး အရင်မဲလက်မှတ်တွေလို ပယ်မဲမရှိနိုင်ကြောင်း သိရပါတယ်။

### မဲဆန္ဒရှင်ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုပဲလို

မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုကတော့ စနစ်တကျခြေလှမ်းမှန်မှန်နဲ့ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေတယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။ မြန်မာ့မြေမှာ ဒီမိုကရေစီစနစ်ခိုင်မြဲရေးအတွက် အရွေ့တစ်ခုဖြစ်တဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ပြီးမြောက်အောင်မြင်နိုင်ဖို့ ဒီမိုကရေစီစနစ်ကိုမြတ်နိုးတဲ့၊ လိုလားတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အရေးပါလှတဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုပဲ လိုပါတော့တယ်။

ဒီမိုကရေစီစနစ်ကို တည်ဆောက်မယ်ဆိုရင် ပါလီမန်(လွှတ်တော်)ရှိရပါမယ်။ လွှတ်တော်မှာ ပြည်သူတွေက ပြည်သူ့ဆန္ဒနဲ့ ရွေးကောက်တင်မြှောက်လိုက်တဲ့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တွေရှိရပါမယ်။ ပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးကောက်တင်မြှောက်နိုင်မယ့် ရွေးကောက်ပွဲတွေရှိရပါမယ်။ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ပြည်သူ့ကိုယ်စားလှယ်လောင်းတွေကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီတွေ ရှိရပါမယ်။ ပါတီကိုယ်စားပြုနိုင်ငံရေးသမားနဲ့ တစ်သီးပုဂ္ဂလနိုင်ငံရေးသမားတွေက ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်အရွေးခံကြရပါမယ်။

ဒါမှသာ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်တွေကို လွှတ်တော်ခေါ်ယူခြင်း၊ လွှတ်တော်ကို စနစ်တကျလွှဲပြောင်းခြင်းနဲ့ လွှတ်တော်အသစ်က လွှတ်တော်အစည်းအဝေးကျင်းပပြီး အနိုင်ရပါတီက နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်ထောင်စုအစိုးရဖွဲ့စည်းခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ယင်းမှတစ်ဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ ခန့်အပ်ခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ ဆက်လက်ဖွဲ့စည်းခြင်းတွေကို အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

### ဒီမိုကရေစီနည်းလမ်းပိုကျ

ဒါကြောင့်မို့ ဒီမိုကရေစီစနစ်မှာ တိုင်းရေးပြည်မှုတွေကို စီမံခန့်ခွဲမယ့် ပြည်သူ့ကိုယ်စားလှယ်တွေကို အသည်းကြားမှမဲပြားကိုထုတ်ပြီး ဆန္ဒမဲနဲ့ ရွေးချယ်တင်မြှောက်ကြမယ့် မဲဆန္ဒရှင်ပြည်သူတွေရဲ့ အခန်းကဏ္ဍက အလွန်အရေးပါလှပါတယ်။

မဲဆန္ဒရှင်တွေရဲ့အခန်းကဏ္ဍက ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးရုံနဲ့ တာဝန်ကျေပြီ၊ ပြီးဆုံးပြီလို့လည်း ဆိုလိုမရပါဘူး။ နိုင်ငံတော်ရဲ့ ရှေ့အနာဂတ်အတွက် လူတော်လူကောင်း၊ လူကောင်းလူမွန် လူရည်ချွန်များကို သေချာစိစစ်ရွေးချယ် တာဝန်ပေးအပ်နိုင်မှသာ မဲဆန္ဒရှင်တစ်ဦးရဲ့ တာဝန်ပြီးမြောက်မှာဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံတွေမှာ နိုင်ငံရေးသမားတွေရဲ့အခန်းကဏ္ဍကို မျက်ကွယ်ပြုထားလို့ မရပါဘူး။ တိုင်းပြည်ရဲ့အကောင်းအဆိုး၊ အနိမ့်အမြင့်၊ အတက်အကျဟာ မိမိရွေးကောက်တင်မြှောက်လိုက်တဲ့ နိုင်ငံရေးသမားတွေရဲ့လက်ထဲမှာ တည်ရှိနေလို့ပဲဖြစ်ပါတယ်။

ဒီမိုကရေစီ သက်တမ်းရင့်နိုင်ငံကြီးတွေက မဲဆန္ဒရှင်အများစုကတော့ တိုင်းပြည်ပြည်ပြု၊ တိုင်းရေးပြည်မှုလုပ်ငန်းတွေကို ဦးဆောင်ဦးရွက်ပြုပြီး စီမံခန့်ခွဲကြမယ့်ပုဂ္ဂိုလ်တွေဟာ သာမန်လူအဆင့်ထက်ပိုပြီး ကိုယ်ရည်ကိုယ်သွေးပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးနဲ့ အကျင့်စရိုက်ပိုင်းမှာ ကောင်းမွန်သူဖြစ်ရမယ်ဆိုတဲ့ စံနှုန်းတွေ သတ်မှတ်လေ့ရှိပါတယ်။

သက်တမ်းရင့် ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ အိမ်နီးချင်း အိန္ဒိယသမ္မတနိုင်ငံမှ မြို့နေမဲဆန္ဒရှင်အချို့ကတော့ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်ခန့်ကကောက်ယူခဲ့တဲ့ အိန္ဒိယနိုင်ငံရေးလောက အရည်အသွေးမြှင့်တင်ရေးနဲ့ပတ်သက်တဲ့ စစ်တမ်းတစ်ခုမှာ ၎င်းတို့ ဆန္ဒမဲပေးသူကိုယ်စားလှယ်ဟာ သန့်ရှင်းတဲ့ပုံရိပ်ရှိရမယ်၊ ပညာတတ်ဖြစ်ရမယ်၊ ရာဇဝတ်ပြစ်မှုနောက်ကြောင်းမရှိသူဖြစ်ရမယ်လို့ သဘောထားမှတ်ချက်ပြုခဲ့ကြပါတယ်။

ဗြိတိန်နိုင်ငံမှ မဲဆန္ဒရှင်အချို့ကတော့ နိုင်ငံရေးပါတီတစ်ခုကိုကြိုက်ခြင်း၊ မကြိုက်ခြင်းအပေါ် မဲဆန္ဒပေးခြင်းထက် မဲဆန္ဒနယ်က ကိုယ်စားလှယ်လောင်းကိုကြိုက်ခြင်း၊ မကြိုက်ခြင်းက ပိုပြီး အဓိကကျတယ်လို့ ယူဆလေ့ရှိကြတယ်။ နိုင်ငံရေးပါတီမူဝါဒထက် အမတ်လောင်းရဲ့ အရည်အချင်းကို ကြည့်ပြီး ဆုံးဖြတ်ခြင်းက ဒီမိုကရေစီနည်းလမ်းပိုကျတယ်လို့ ယုံကြည်ကြတယ်။

ဝင်စတန်ချာချီကတော့ **"နိုင်ငံရေးသမားဆိုတာ မနက်ဖြန်ဘာဖြစ်မလဲ၊ နောက်အပတ်၊ နောက်လဘာဖြစ်မလဲ၊ နောင်နှစ်ဘာဖြစ်မလဲ ကြိုတင်ပြောနိုင်စွမ်းရှိရတယ်။ ဒါ့အပြင် နောက်ပိုင်းမှာလည်း ဘာကြောင့်သူပြောခဲ့တာတွေ ဖြစ်မလာတာလဲဆိုတာကိုလည်း ရှင်းလင်းနိုင်စွမ်းရှိရတယ်"** လို့ ဆိုပါတယ်။

နိုင်ငံရေးပညာရှင်တစ်ဦးကတော့ **"လူထုနဲ့ဆက်ဆံရာမှာ နိုင်ငံရေးသမားဟာ ရိုးသားမှုရှိဖို့လိုတယ်။ အခက်အခဲတွေကို စောစောစီးစီးကြိုပြောထားရမယ်။ အခက်အခဲတွေကို ကျော်လွှားဖို့ ဘယ်လောက်ကြာကြာ အချိန်ယူရနိုင်တယ်ဆိုတာကိုလည်း ကြိုတင်အစီရင်ခံထားရမယ်"**လို့ ဆိုပါတယ်။

### လူမှန်နေရာမှန်ဖြစ်အောင် ရွေးချယ်တင်မြှောက်ဖို့လို

ဒါကြောင့်မို့ ဒီမိုကရေစီသက်တမ်းရင့် နိုင်ငံကြီးတွေက နိုင်ငံရေးသမားအများစုဟာ တက္ကသိုလ်ကျောင်းသားဘဝကတည်းက နိုင်ငံရေးနဲ့ဆက်စပ်တဲ့ပညာရပ်များကို စာတွေ့ကိုယ်တွေ့ တစိုက်မတ်မတ်လေ့လာဆည်းပူးကြတယ်။ မဲဆန္ဒရှင်ပြည်သူတွေ ယုံကြည်ကိုးစားလောက်တဲ့ အရည်အချင်းတွေ၊ စံနှုန်းတွေ မိမိမှာအထိုက်အလျောက်ရှိပြီလို့ စိတ်ချယုံကြည်ရတော့မှ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြပါတယ်။

ဒီမိုကရေစီသက်တမ်းနုနယ်သေးတဲ့ နိုင်ငံအချို့က မဲဆန္ဒရှင်တွေကတော့ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲအလမ်းတွေနဲ့ ရွေးကောက်ပွဲကို ချဉ်းကပ်ရွေးချယ်လေ့ရှိပါတယ်။ မိမိတို့နေထိုင်ရာ မဲဆန္ဒနယ်မှာ *စာမျက်နှာ ၁၁ သို့*

❂ **နိုင်ငံရေးသမားဆိုတာ မနက်ဖြန်ဘာဖြစ်မလဲ၊ နောက်အပတ်၊ နောက်လဘာဖြစ်မလဲ၊ နောင်နှစ်ဘာဖြစ်မလဲ ကြိုတင်ပြောနိုင်စွမ်းရှိရတယ်။ ဒါ့အပြင် နောက်ပိုင်းမှာလည်း ဘာကြောင့်သူပြောခဲ့တာတွေ ဖြစ်မလာတာလဲဆိုတာကိုလည်း ရှင်းလင်းနိုင်စွမ်းရှိရတယ်**

❑ **လူထုနဲ့ဆက်ဆံရာမှာ နိုင်ငံရေးသမားဟာ ရိုးသားမှုရှိဖို့လိုတယ်။ အခက်အခဲတွေကို စောစောစီးစီးကြိုပြောထားရမယ်။ အခက်အခဲတွေကို ကျော်လွှားဖို့ ဘယ်လောက်ကြာကြာအချိန်ယူရနိုင်တယ်ဆိုတာကိုလည်း ကြိုတင်အစီရင်ခံထားရမယ်**

# မြို့နယ်အချို့၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**ဆိပ်ကြီးခနောင်တို**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း MEVM ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁ ရက်မှစ၍ ချောင်းဝိုင်းလေး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ စတင်ဆောင်ရွက်ရာ ဆိပ်ကြီးခနောင်တို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးနိုင်လင်းကိုကိုက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း၊ MEVM ကိုင်တွယ်အသုံးပြုနည်းကို ရပ်ကွက်နေပြည်သူများအား ရှင်းလင်းပြသခဲ့ပြီး ရပ်ကွက်နေပြည်သူ ၂၉၁ ဦးက လက်တွေ့စမ်းသပ်မဲပေးကြခဲ့သည်။

**ဝေယံ(ပြန်/ဆက်)**



**မိုင်းရှူး**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မင်းလှိုင်နှင့်အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်က နားစံကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါမြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နန်းဝိုခမ်းနှင့်အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်းနှင့် မဲပေးခြင်းပုံစံအား မြန်မာနှင့် ရှမ်းနှစ်ဘာသာဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ကျေးရွာနေမိဘပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**



**ဘားအံ**

ကရင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်းပြုလုပ်သည့် မဲဆန္ဒရှင်ပြည်သူများအား အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဘားအံမြို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ခန်းမဆောင်၌ စက်တင်ဘာ ၁ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစောသန်းချစ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ တိုင်းရင်းသားပြည်သူများ သိသင့်သိထိုက်သည့်အချက်များ၊ မဲစာရင်းတွင် ပါဝင်သည့် အမျိုးသား အမျိုးသမီးများက မဲပေးပိုင်ခွင့်ရှိခြင်းနှင့် မဲပေးပိုင်ခွင့်ရှိသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်မရှိသူများနှင့် ပတ်သက်သည့်အချက်များ၊ အီလက်ထရောနစ်မဲပေးစက် အသုံးပြုပုံအဆင့်ဆင့်နှင့် မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူများအနေဖြင့် သိသင့်သိထိုက်သော အချက်အလက်များကို ပြောကြားပြီး ရွေးကောက်ပွဲတွင် အသုံးပြုမည့် အီလက်ထရောနစ်မဲပေးစက်ကို မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**သံဖြူဇရပ်**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးသရုပ်ပြသခြင်းကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သံဖြူဇရပ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ဝင်းဝင်းမြတ်က မြန်မာအီလက်ထရောနစ်မဲပေးစက်တွင်ပါဝင်သည့် စက်ပစ္စည်းများနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ် မဲပေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**






## သနပ်ပင်မြို့နယ်၌ လူထုကျန်းမာရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်

**သနပ်ပင် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ လူထုကျန်းမာရေးလှုပ်ရှားမှုသွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုများကို ယမန်နေ့နံနက်ပိုင်းက မြို့မဈေး၌ ဆောင်ရွက်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခွန်စောထွန်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ ဈေးအတွင်း/အပြင် ဈေးရောင်း/ဈေးဝယ်များ၊ လူစည်ကားရာနေရာများဖြစ်သည့် လမ်းဆုံလမ်းဝများ၊ မော်တော်ဆိုင်ကယ်ဂိတ်များ၊ ကားဂိတ်များနှင့် ခရီးသွားပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ ဒေသန္တရကျန်းမာရေးဌာန ဆေးခန်းဖွင့်လှစ်

**ကျိုက်လတ် စက်တင်ဘာ ၂**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၃) ရပ်ကွက် ၅x၆ ဦးပြုံးချိုလမ်းရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ယနေ့နံနက် ၁၀ နာရီက ဒေသန္တရ ကျန်းမာရေးဌာန ဆေးခန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါဒေသန္တရကျန်းမာရေးဌာန ဆေးခန်းဖွင့်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်နှင့် မြို့မိမြို့ဖ ဦးမှိုကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ပြီး ကျန်းမာရေး ဌာနခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။



ဆက်လက်၍မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက ဒေသန္တရကျန်းမာရေးဌာန ဆေးခန်းမှတာဝန်ရှိသူတစ်ဦးအား အလှူငွေများ ပေးအပ်သည်။

အဆိုပါဒေသန္တရကျန်းမာရေးဌာန ဆေးခန်းသည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနေမိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကံမမြို့နယ်၌ ဆန်စက်လုပ်ငန်းရှင်များအသင်းဖွဲ့စည်း

**ကံမ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနိုင်က အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၂)ဦးမြင့်ရွှေက ဆန်စက်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆန်စက်လုပ်ငန်းရှင်များက ညှိနှိုင်းဆွေးနွေးကြပြီး ကံမမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းအား ကော်မတီဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

*စာမျက်နှာ ၁၀ မှ*

မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်လောက်ပဲ စွမ်းဆောင်နိုင်သည်ဖြစ်စေ၊ သင့်တော်သည်ဖြစ်စေ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတွေနဲ့ ဥပေက္ခာပြု မေ့လျော့နေတတ်ပါတယ်။

တစ်ချိန်က ဂျပန်နိုင်ငံမှာဆိုရင် ဂျပန်ဒိုင်းယက်လွှတ်တော်မှာ အနားယူသွားခဲ့တဲ့ အမတ်ဟောင်းကြီးတွေရဲ့သားသမီးမျိုးဆက်အမတ်တွေ၊ ဝန်ကြီးချုပ်တွေနေရာရလာခဲ့လို့ ဂျပန်မှာ အမွေခံနိုင်ငံရေးသမားတွေ ကြီးစိုးနေတယ်လို့ သတင်းစာဆရာတစ်ဦးက ဝေဖန်ရေးသားခဲ့ဖူးပါတယ်။

သို့ဖြင့် လာမယ့်ဒီဇင်ဘာမှာကျင်းပမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ဒီမိုကရေစီအခြေခံအုတ်မြစ်တောင့်တင်းခိုင်မာရေးအတွက် မပျက်မကွက် ပါဝင်မဲဆန္ဒပေးဖို့လိုအပ်ရုံမက အရည်အချင်းပြည့်ဝတဲ့ လူကောင်းလူမွန် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကိုလည်း ဆန္ဒာဂတိ၊ ဘယာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိဆိုတဲ့ အဂတိတရားလေးပါး ကင်းရှင်းစွာနဲ့ လူမှန်နေရာမှန်ဖြစ်အောင် ရွေးချယ်တင်မြှောက်ဖို့လိုအပ်ပါတယ်။ သို့မှသာ နိုင်ငံသားတစ်ဦးရဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။ ။

❖ ❖ ❖

# မြန်မာနိုင်ငံအနေနဲ့ ဒီခရီးစဉ်က အကျိုးများစွာဖြစ်ထွန်းစေတဲ့ ခရီးစဉ်တစ်ခုဆိုတာကို ပြောကြားလို

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ခဲ့မှုနှင့်တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေမှုနှင့်ပတ်သက်၍ ခရီးစဉ်တွင်လိုက်ပါလာသည့် သတင်းမီဒီယာများ၏သိရှိလိုသည့် မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်**

ပထမဦးဆုံးက ပထမပိုင်းဒီခရီးစဉ်မှာ တရုတ်နိုင်ငံကို မြန်မာနိုင်ငံယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌလာတဲ့ ခရီးစဉ်မှာ ကျွန်တော်တို့က အပိုင်းသုံးပိုင်းပါပါတယ်။ နံပါတ်တစ်အပိုင်းက တီယန်ကျင်းမြို့အပိုင်း၊ နံပါတ်နှစ်အပိုင်းက ပေကျင်းမြို့အပိုင်း၊ နံပါတ်သုံးအပိုင်းက ဟာပင်းနဲ့ချန်ဒူးမြို့အပိုင်းဆိုပြီး သုံးပိုင်းပါပါတယ်။ နံပါတ်တစ် အပိုင်းက SCO အစည်းအဝေး၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေး SCO SUMMIT 2025 Plus အစည်းအဝေးတက်ရောက်တဲ့အပိုင်းဖြစ်ပါတယ်။ ဒုတိယအပိုင်းက ပေကျင်းမှာရှိတဲ့ တရုတ်နိုင်ငံရဲ့ နှစ်(၈၀)ပြည့် ဖက်ဆစ်တော်လှန်ရေး အထိမ်းအမှတ်ကို လာရောက်တဲ့အပိုင်းဖြစ်ပါတယ်။ နံပါတ်သုံးအပိုင်းက ဟာပင်းနဲ့ ချန်ဒူးမြို့ကို လေ့လာရေးခရီးစဉ်သွားရောက်တဲ့အပိုင်း ဖြစ်ပါတယ်။ အခုကတော့ ခရီးစဉ်ပထမပိုင်းဖြစ်တဲ့ တီယန်ကျင်းမြို့မှာ SCO အစည်းအဝေးနဲ့ ထိပ်သီးအစည်းအဝေးတွေ ပြီးဆုံးတဲ့အတွက်ကြောင့် ကျွန်တော်တို့က ပေကျင်းမြို့ကို ထွက်ခွာနေတာ ဖြစ်ပါတယ်။ ပေကျင်းမြို့ကိုသွားတဲ့အခါမှာ အမြန်ရထားနဲ့သွားတာဖြစ်တယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနဲ့ ခရီးစဉ်မှာလိုက်ပါလာတဲ့ လူတွေအကုန်လုံးက ဒီအမြန်ရထားနဲ့ ထွက်ခွာတာဖြစ်တယ်။ ပထမဆုံး တီယန်ကျင်းမြို့အကြောင်းကို ပြောချင်တယ်။ တီယန်ကျင်းမြို့ဆိုတာက တရုတ်နိုင်ငံမြို့တော်ဖြစ်တဲ့ ပေကျင်းနဲ့ ကပ်လျက်မြို့ဖြစ်တယ်။ တီယန်ကျင်းမြို့က သမိုင်းရှိတဲ့မြို့ဖြစ်တယ်။ ပထမ ဘိန်းစစ်ပွဲတို့ဘာတို့က တီယန်ကျင်းမှာဖြစ်ထားတာ။ တရုတ်နိုင်ငံ ပထမဘိန်းစစ်ပွဲပေါ့။ ပေကျင်းနဲ့ ကပ်လျက် အနီးဆုံးသောပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တယ်။ တရုတ်နိုင်ငံရဲ့မြောက်ဘက်ပိုင်းမှာ အရေးကြီးဆုံး ပင်လယ်ဆိပ်ကမ်းမြို့ထဲမှာ ပါဝင်တယ်ပေါ့နော်။ တီယန်ကျင်းမြို့မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုညီလာခံရဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေးပွဲလုပ်တာဟာ ကျွန်တော်ကတော့ အဓိပ္ပာယ်ပြည့်ဝတယ်လို့ ထင်ပါတယ်။ ဒါကြောင့်လည်း ဒီ SCO အစည်းအဝေးမှာ နိုင်ငံပေါင်း ၂၀ ကျော်ပေါ့နော်



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

၂၆ နိုင်ငံလုပ်တဲ့အထဲမှာ ၂၀ ကျော် တက်ရောက်တယ်။ မနေ့ကတော့ ဒီထိပ်သီးအစည်းအဝေးနဲ့ အပေါင်းအစည်းအဝေးပွဲတွေ ပြီးသွားတယ်။ အဲဒီမှာတော့ ထူးထူးခြားခြားပြောစရာရှိတာတော့ ထိပ်သီးအစည်းအဝေးမှာတော့ တရုတ်သမ္မတကြီး H.E.Mr.Xi Jinping က GGI နဲ့ ပတ်သက်ပြီး အချက် ၅ ချက်၊ Global Governance Initiative ပေါ့၊ ဒီအချက် (၅) ချက်ကို တင်သွင်းခဲ့တာရှိတယ်။ နိုင်ငံအများစုလည်း ထောက်ခံတယ်။ အဓိကအနှစ်ချုပ်ပြောရမယ်ဆိုရင် ဒီနေ့ကမ္ဘာမှာ ဖြစ်နေတာက Unipolar World ကနေ Multipolar World ပေါ့နော်။ အရင်တုန်းကတော့ အင်အားကြီးနိုင်ငံ တစ်ခုတည်းကနေပြီးတော့ ကမ္ဘာ့ရေးရာတွေကို ထိန်းချုပ်တာကနေပြီး နိုင်ငံအများစုပါဝင်ထိန်းချုပ်ဖို့၊ နိုင်ငံအများစု ပါဝင်ပြီးတော့ ကမ္ဘာ့ရေးရာမှာ လှုပ်ရှားဖို့၊ ဒီဟာတွေကို သွားတာပါ။ တရားမျှတမှုတို့၊ ပြီးရင် အဲဒီအစည်းအဝေးမှာ အဓိကအများဆုံးပြောတာကတော့ နိုင်ငံငယ်တွေရဲ့ပေါ့နော်၊ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို လေးစားကြဖို့ဆိုတာကို အဓိက ပြောတာဖြစ်တယ်။ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကိုလေးစားကြဖို့ဆိုတာ အဓိကက ကျွန်တော်တို့ နိုင်ငံငယ်တွေအတွက် ဘာအားသာလဲဆိုတော့ ဒီအချိန်မှာ နိုင်ငံကြီးတွေအနေနဲ့၊ အင်အားကြီး နိုင်ငံတွေအနေနဲ့က သူတို့ရဲ့အမျိုးသားရေးအကျိုးစီးပွားအတွက် သူတို့တည်ထောင်နေတာရှိတယ်။ ဒီလိုပဲ နိုင်ငံငယ်တွေမှာလည်း သူတို့ရဲ့ အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲဖို့ သူတို့ရဲ့ အချုပ်အခြာအာဏာနဲ့ပတ်သက်ပြီးလုပ်နိုင်ဖို့ဆိုတာ ဒီလိုအဖွဲ့အစည်းတွေကနေတစ်ဆင့် လုပ်နိုင်မှ ခိုင်မာမှာ ဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း SCO မှာ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် တရားဝင်အဆိုပြုထားတာလည်း ရှိတယ်။ အောင်မြင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ ဒီအစည်းအဝေးပွဲမှာ တရုတ်သမ္မတကြီး H.E. Mr.Xi Jinping နဲ့ ဆွေးနွေးနိုင်ခဲ့တယ်။ ဆွေးနွေးပွဲမှာ အနှစ်ချုပ်ပြောရရင် **"မြန်မာနိုင်ငံအတွက် ဘာအကျိုးအမြတ်ရှိလဲဆိုတော့ နံပါတ်တစ်အကျိုးအမြတ်အနေနဲ့ကတော့ နိုင်ငံရေးအရ အသိအမှတ်ပြုမှု၊ နံပါတ်နှစ်ကတော့ နိုင်ငံတကာရေးအရ အသိအမှတ်ပြုမှု၊ နံပါတ်သုံးအချက်ကတော့ မြန်မာနိုင်ငံမှာကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ တရုတ်နိုင်ငံအနေနဲ့ အသိအမှတ်ပြုဖို့ ပြီးရင် အထွေထွေရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ ကူညီနိုင်ဖို့ ဒါတွေကို အတည်ပြုပေးလိုက်တာရှိတယ်။"** နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဆက်လက်ပြီး ကူညီသွားမယ်ဆိုတဲ့ အာမခံချက်တွေရရှိခဲ့တာဖြစ်တယ်။ တရုတ်သမ္မတကြီးနဲ့တွေ့တဲ့အချိန်မှာ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာတွေကို ဆက်လက်ရပ်တည်ကူညီပေးသွားမယ်ဆိုတာကိုလည်း ရရှိခဲ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အိမ်နီးချင်းအင်အားကြီးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ ဝန်ကြီးချုပ်မစ္စတာမိုဒီနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တယ်။ တွေ့ဆုံဆွေးနွေးတဲ့အခါမှာလည်း မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အိန္ဒိယနိုင်ငံအနေနဲ့က အမြဲတမ်းရပ်တည်ပေးလျက်ရှိမှုတွေ၊ နိုင်ငံရေးအရ အာမခံချက်ရှိမှုတွေ၊ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး လုပ်ဆောင်ပေးနိုင်တာတွေ ဒါတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တယ်။ ဒါ့အပြင် လာအိုနိုင်ငံသမ္မတကြီးနဲ့လည်း သီးခြားဆွေးနွေးနိုင်ခဲ့တယ်။ လာအိုနဲ့ ကျွန်တော်တို့ လုပ်နေတဲ့လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ နယ်စပ်ဖြတ်ကျော်ကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့တယ်။ ဒါ့အပြင် SCO အစည်းအဝေးတက်တဲ့အခါမှာ မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့အပါအဝင် တခြား ခေါင်းဆောင်တွေနဲ့လည်း အစည်းအဝေးခန်းမမှာ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြောရမယ်ဆိုရင် အောင်မြင်တဲ့ တွေ့ဆုံမှုပေါ့နော်။ ဒီတစ်နေရာတည်းမှာပဲ ဒေသခေါင်းဆောင်တွေ၊ အိမ်နီးနားချင်းခေါင်းဆောင်တွေနဲ့တွေ့ရတာ တကယ်လည်း အောင်မြင်တဲ့တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း ဒီခရီးစဉ်က အကျိုးများစွာဖြစ်ထွန်းစေတဲ့ ခရီးစဉ်တစ်ခုဆိုတာကို ကျွန်တော်တို့အနေနဲ့ ပြောကြားလိုပါတယ်။ ဒီနေ့မှာဆိုရင် ကျွန်တော်တို့ ပေကျင်းကိုရောက်မယ်။ ပေကျင်းကိုရောက်ရင်တော့ တရုတ်နိုင်ငံရဲ့ ဒုတိယသမ္မတကြီးနဲ့ တွေ့မယ်။ မနက်ဖြန်မှာဆိုရင် ပေကျင်းမှာလုပ်တဲ့ နှစ်(၈၀) ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့အောင်ပွဲအထိမ်းအမှတ်အခမ်းအနားကို တက်ရောက်မှာ ဖြစ်တယ်။ နောက်နေ့တွေမှာ ဟာပင်းနဲ့ ချန်ဒူးကိုသွားပြီး ကျွန်တော်တို့ မြန်မာနိုင်ငံသက်ဆိုင်တဲ့၊ ကဏ္ဍပေါင်းစုံနဲ့သက်ဆိုင်တဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ နေရာတွေ၊ ဌာနတွေကိုလေ့လာသွားမှာ ဖြစ်ပါတယ်။

ဒီခရီးစဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်အနှစ်ချုပ်ပြီး ပြောရရင် အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်တယ်။ ဆက်လက်ပြီးတော့လည်း အောင်မြင်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော် တို့ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေကို တိုက်တွန်းချင်တာကတော့ ကျွန်တော်တို့မှာ ဒီလိုမျိုးအခြေအနေကောင်းတွေရှိနေပါပြီ။ နိုင်ငံတကာမှာလည်း မြန်မာ့ရဲ့ ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီးတော့ ဂရုစိုက်လာတဲ့၊ မြင့်မားလာနိုင်တဲ့ဟာတွေ ရှိနေပါပြီ။ ကျွန်တော်တို့လိုတာက ဘာလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံးတည်ငြိမ်အေးချမ်းရေးကိုလိုလားဖို့၊ စည်းလုံးညီညွတ်မှုကိုလိုလားဖို့၊ တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်မှုကို အကောင်အထည်ဖော်တဲ့နေရာမှာ မြန်မာဆိုတဲ့စိတ်ဓာတ်၊ ပြည်ထောင်စုဆိုတဲ့ စိတ်ဓာတ်နဲ့ပဲ ဆောင်ရွက်သွားဖို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း စုစုပေါင်း ၁၂၀ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၃၀၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၃၇၃၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၄ ဦးကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၄ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၅ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား လေးဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



**နေပြည်တော် စက်တင်ဘာ ၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား ငါးဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးနှင့် သီရိလင်္ကာနိုင်ငံသား တစ်ဦး စုစုပေါင်း ခုနစ်ဦးတို့အား ယနေ့တွင် မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား လေးဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Counsellor Mr. Alexander Mwendwa Mutinda နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ကင်ညာနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးနှင့် တောင်အာဖရိကနိုင်ငံသား နှစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား လေးဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၇၃ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၉ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ် ကန်လှကျေးရွာ၌ ယဉ်ကျေးလိမ္မာသင်တန်းဆုချီးမြှင့်

**လယ်ဝေး စက်တင်ဘာ ၂**

လယ်ဝေးမြို့နယ် ကန်လှကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့နံနက်ပိုင်းက ယဉ်ကျေးလိမ္မာသင်တန်း ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပခဲ့သည်။



ဦးစွာ လယ်ဝေးမြို့နယ်လုံးဆိုင်ရာ ယဉ်ကျေးလိမ္မာသင်တန်း ဓမ္မကျောင်းတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ဒုဥက္ကဋ္ဌ ဦးဘစိုးက ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသဇင်မြင့်က ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ယဉ်ကျေးလိမ္မာသင်တန်းမှ မြို့နယ်အဆင့် ဆုရရှိသူများနှင့် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး ကျောင်းသားကျောင်းသူလေးများက အကသရုပ်ဖော်များဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဆေးကုသမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေး

**မန္တလေး စက်တင်ဘာ ၂**

ပြည်ကြီးတံခွန်မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Good Brother Co.,ltd. မှ အာမခံအလုပ်သမားအား ဆေးကုသမှုအကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့တွင် တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများဖြစ်သည့် မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့် ၊ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် ဆေးကုသမှု ငွေကြေးအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်ခံစားခွင့်၊ အာမခံအလုပ်သမားသေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုနှင့်ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် စသည့်အာမခံအလုပ်သမားများ ခံစားရမည့်အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးတာဝန်ခံအရာရှိက Good Brother Co.,ltd. မှအာမခံအလုပ်သမား ဦးဇော်ဝင်းအား ဆေးဖိုးခွင့်ပြုငွေကျပ် ၄၆၅၀၂၄၇ ကို တာဝန်ရှိသူများနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဝန်ထမ်းများရှေ့တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

❂ *ကျောဖုံးမှ*

အာကာကျော်(ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း- ဖွဲ့မာန်သာ (ဟံသာဝတီယူနိုက်တက်)၊ ဝင်းပြည့်မောင် (အား/ကာသိပ္ပံ)နှင့် သန်းတိုးအောင် (ဟံသာဝတီယူနိုက်တက်) တို့ ပါဝင်ကြသည်။ မြန်မာယူ-၂၃ အသင်း အပြီးသတ်လူစာရင်းတွင် ဒဏ်ရာရနေသည့် ဇော်ဝင်းသိန်းနှင့် ဥက္ကာနိုင်တို့ ပါဝင်လာခြင်းမရှိပေ။ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအုပ်စု(ခ)ပွဲစဉ်များကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းအပါအဝင် ဂျပန်၊ ကူဝိတ်၊ အာဖဂန်နစ္စတန်အသင်းတို့ ပါဝင်နေသည်။ အုပ်စုပထမနေ့အဖြစ် စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ကူဝိတ်အသင်း၊ ည ၇ နာရီတွင် ဂျပန်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအုပ်စု (ခ)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂ ရက်က သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ကျင်းပရာ မြန်မာ၊ ဂျပန်၊ ကူဝိတ်နှင့် အာဖဂန်နစ္စတန်အသင်းတို့မှ နည်းပြချုပ်နှင့် ကစားသမားများ တက်ရောက်သည်။

မြန်မာအသင်းနည်းပြချုပ် ကူရိဆာကီက "ကူဝိတ်နဲ့ကစားရမယ့် အဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းယူနိုင်ဖို့ ပြင်ဆင်သွားပါမယ်။ အသင်းမှာ ဒဏ်ရာရကစားသမားတွေ ရှိနေပေမယ့် အကောင်းဆုံး ခြေစွမ်းထုတ်ပြနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒီခြေစစ်ပွဲဟာ လာမယ့်ဆီးဂိမ်းအတွက် ပြင်ဆင်ရာမှာ အထောက်အကူဖြစ်စေမှာမို့ တစ်ပွဲချင်း အာရုံစိုက်ကစားသွားမှာဖြစ်ပါတယ်။ လာရောက်အားပေးမယ့် ပရိသတ်တွေအတွက် ပျော်ရွှင် ကျေနပ်စေမယ့် ရလဒ်မျိုးရအောင် ကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။ ကူဝိတ်အသင်းနည်းပြချုပ် ဒါရီရိုက "ဒီခြေစစ်ပွဲအတွက် ပြင်ဆင်ထားမှုကို အားရပါတယ်။ ဒီပွဲမတိုင်မီ မတူညီတဲ့အသင်းတွေနဲ့ ခြေစမ်းပွဲတွေ အများအပြား ကစားထားပါတယ်။ မြန်မာအသင်းက အသင်းကောင်း တစ်သင်းဖြစ်ပြီး အာဆီယံချန်ပီယံရှစ်မှာ ကစားထားတဲ့ ခြေစွမ်းကို လေ့လာထားပါတယ်။ မြန်မာနဲ့ကစားရမယ့်ပွဲက ပထမဆုံး ခြေလှမ်းဖြစ်တာမို့ အရေးကြီးပါတယ်။ ပြိုင်ဘက် အသင်းတိုင်းကို လေးစားစွာ ယှဉ်ပြိုင်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❍ *ကျောဖုံးမှ*

သွေးလင်းထက်သည် ယခုနောက်ပိုင်းပွဲများတွင် အလဲထိုး၊ ဒိုင်ပွဲရပ်များဖြင့် နိုင်ပွဲဆက်နေသူဖြစ်ပြီး ONE Championship အဖွဲ့အစည်းက ဝါရင့်ဖိုက်တာနှင့် ယှဉ်ပြိုင်ထိုးသတ်စေခြင်း ဖြစ်သည်။ သွေးလင်းထက်သည် ဆမ်အေနှင့်ပွဲတွင် အနိုင်ရရန် လိုအပ်နေပြီး အနိုင်ရပါက ONE နှင့် စာချုပ်ရဖွယ် ရှိနေသည်။ သွေးလင်းထက်သည် ONE နှင့် ခြောက်ပွဲထိုးသတ်ရာတွင် ငါးပွဲအထိ အနိုင်ရထားပြီး နောက်ဆုံးလေးပွဲဆက် အနိုင်ရရှိထားသူဖြစ်သည်။ ဆမ်အေမှာမူ ဝါရင့်မွေထိုင်းဖိုက်တာ တစ်ဦးဖြစ်ပြီး ONE နှင့် ၁၃ ပွဲ ထိုးသတ်ရာတွင် ကိုးပွဲနိုင် လေးပွဲရှုံးနိမ့်ထားသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ONE**

❑ *ကျောဖုံးမှ*

အလက်ဇန္ဒြား အီဆတ်ကို ဖြိုတိန်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၂၅ သန်းအပါအဝင် ငွေကြေးအမြောက်အမြားသုံးစွဲကာ ကစားသမားခေါ်ယူမှုများဖြစ်ပေါ်ခဲ့သည့်အတွက် စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၃ ဒသမ ၀၈၇ ဘီလီယံအထိ ရှိလာခဲ့ခြင်း ဖြစ်သည်။

ပရီမီယာလိဂ်ကလပ်အသင်းများ၏ ယခင်စံချိန်တင်ပြောင်း ရွှေ့ကြေးအသုံးစရိတ်မှာ ၂၀၂၃ ခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလတွင်ဖြစ်ပြီး ပေါင် ၂ ဒသမ ၃၆ ဘီလီယံဖြင့် မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ယခုနှစ်ရာသီ ကစားသမားအပြောင်းအရွှေ့နောက်ဆုံးရက်တွင် မန်ယူအသင်းက ရှိုင်ရယ်အန့်ဝပ်အသင်းမှ ဘယ်လ်ဂျီယံဂိုးသမား ဆန်နီလမ်းမန့်စ်ကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၁၈ ဒသမ ၁ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။

ထို့အပြင် ဖူလ်ဟမ်အသင်းကလည်း ရက်တာဒိုးနက်အသင်းမှ ဘရာဇီးတောင်ပံကစားသမား ကီဗင်ကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၃၄ ဒသမ ၆ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းက ဘရန့်ဖို့ဒ်အသင်းမှ ဝစ်ဆာကို ပြောင်းရွှေ့ကြေး ပေါင် ၅၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။

**အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ဘလက်ဖိုရမ်၌ ဂါဇာငြိမ်းချမ်းရေးအတွက် တိုက်တွန်း




ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယိုကိုစတာ ဘလက်ဖိုရမ်၌ မိန့်ခွန်းပြောကြားနေစဉ်။

ဘလက် စက်တင်ဘာ ၂

**ဆလိုဘေးနီးယားနိုင်ငံ၏ အကျော်ကြားဆုံး နိုင်ငံခြားရေးမူဝါဒဆွေးနွေးပွဲဖြစ်သည့် ဘလက်မဟာဗျူဟာဖိုရမ်တွင် ဂါဇာငြိမ်းချမ်းရေးအတွက် တိုက်တွန်းခဲ့ကြသည်။ ဆလိုဘေးနီးယားနိုင်ငံ ဘလက်မြို့တွင် စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပသော အဆိုပါဖိုရမ်သို့ ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယိုကိုစတာ၊ ဆလိုဘေးနီးယား သမ္မတ နာတာဆာပရစ်မူဆာနှင့် ဆလိုဘေးနီးယားနိုင်ငံခြားရေးဝန်ကြီး တန်ဂျာဖာဂျွန်သို့ တက်ရောက်ကြသည်။**

ဂါဇာအပစ်အခတ်ရပ်စဲရေးသည် အရေးတကြီး ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း၊ ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လျင်မြန်စွာ စီးဆင်းရမည်ဖြစ်ကြောင်း ဖာဂျွန်က ပြောကြားခဲ့သည်။

ဖုံးကြဲတိုက်ခိုက်မှုများနှင့် ငတ်မွတ်ခေါင်းပါးမှုများကြောင့် ဂါဇာရှိနေ့ရက်တိုင်းသည် စိတ်ကူးထားသည်ထက်ပင် ပိုဆိုးနေသည်ဟု ဖာဂျွန်က ပြောသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရားမျှတမှုလိုအပ်ပြီး နှစ်နိုင်ငံအဖြေသည် ရေရှည်တည်တံ့ခိုင်မြဲမည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ အန်တိုနီယိုကိုစတာက ဂါဇာအပစ်အခတ်ရပ်စဲရေးကို ချက်ချင်းတောင်းဆိုလိုက်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ တရားမဝင် ဝင်ရောက်နေထိုင်ခွင့်ကို တားဆီးရေးနှင့် နှစ်နိုင်ငံအဖြေရရှိစေမည့် နိုင်ငံတကာကတိကဝတ်များကိုလည်း အသစ်တစ်ဖန် တောင်းဆိုလိုက်သည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၁၁၂၄ ဦးအထိ ရှိလာ နယ်စပ်ရှိကျေးရွာတစ်ရွာ ငလျင်ကြောင့် မြေအောက်သို့နစ်မြုပ်




**ကဘူးလ် စက်တင်ဘာ ၂**

အာဖဂန်နစ္စတန် အရှေ့ပိုင်း၌ လှုပ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ယခုအခါတွင် သေဆုံးသူဦးရေမှာ ၁၁၂၄ ဦးအထိရှိလာပြီဖြစ်ပြီး ဒဏ်ရာရရှိသူပေါင်းမှာလည်း ၃၂၅၁ ဦးအထိ ရှိလာကြောင်း အာဖဂန်လခြမ်းနီအသင်း၏ စက်တင်ဘာ ၂ ရက် ထုတ်ပြန်ချက်အရ သိရသည်။ ကူနာပြည်နယ်ရှိ နယ်စပ်ကျေးရွာတစ်ခုလုံး ကြီးမားသောငလျင်ကြောင့် မြေအောက်သို့ နစ်မြုပ်ခဲ့ပြီးနောက် နိုင်ငံတကာအကူအညီများလည်း တောင်းခံလျက်ရှိသည်။

အင်အားပြင်းငလျင် အဓိကလှုပ်ခဲ့သည့် အာဖဂန်နစ္စတန်အရှေ့ပိုင်း ကူနာပြည်နယ်ရှိ လူနေအိမ်ခြေ ၈၀၀၀ ကျော်သည်လည်း တစ်အိမ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ပြီဖြစ်ကြောင်း အာဖဂန်လခြမ်းနီအသင်းအကြီးအကဲ ဂျူမာခန်နာရီးလ်က ပြောကြားခဲ့သည်။

ရှာဖွေကယ်ဆယ်ရေး အဖွဲ့များသည် အပျက်အစီးများအောက်တွင် ပိနေသူများကို ဆွဲထုတ် ကယ်ဆယ်လျက်ရှိသည်။ သေဆုံးဒဏ်ရာရရှိသူ စာရင်း အတိအကျကို အတည်မပြုနိုင်သေးကြောင်း သိရသည်။

ဩဂုတ် ၃၁ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၄၇ မိနစ်တွင် အာဖဂန်နစ္စတန် အရှေ့ပိုင်း၌ လှုပ်ခဲ့သောငလျင်သည် ပြင်းအား ၆ ဒသမ ၀ မဂ္ဂနီကျူအဆင့်ရှိသည်။ အဆိုပါငလျင်သည် နန်ဂါဟာပြည်နယ်မြို့တော် ဂျာလာလာဘတ် အရှေ့မြောက် ၂၇ ကီလိုမီတာကို ဗဟိုပြု၍ မြေအောက်အနက် ရှစ်ကီလိုမီတာတွင် လှုပ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## သီရိလင်္ကာ၌ နည်းပညာလေ့ကျင့်ပျိုးထောင်ရေး စင်တာ ၂၅ ခု တည်ထောင်မည်

**ကိုလံဘို စက်တင်ဘာ ၂**

သီရိလင်္ကာနိုင်ငံအစိုးရက ကျေးလက်စက်မှုလုပ်ငန်းများနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များကို ထောက်ပံ့ပေးနိုင်ရန် အသေးစား နည်းပညာလေ့ကျင့်ပျိုးထောင်ရေးစင်တာ ၂၅ ခုကို တည်ထောင်သွားမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စက်တင်ဘာ ၂ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ စင်တာများက စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် ရိုးရာလက်မှုပညာရပ်များအတွက် နည်းပညာအကူအညီများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်းထုတ်ကုန်များကို ပို့ကုန်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးမြှင့်တင်ပေးကာ သွင်းကုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင်လည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီး ခရစ္စရှန်းသာ အဘေးဆေးနားက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းသည် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများကို ရပ်ရွာလူထုထံသို့ လွှဲပြောင်းပေးရာတွင် အခြေခံအဆင့်ရှိသော အရင်းအမြစ်စင်တာများကို ပြန်လည်ဖွဲ့စည်းမည့် အစိုးရအစီအစဉ်တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အဘေးဆေးနားက ပြောသည်။ ထို့အပြင် အသေးစားစီးပွားရေးလုပ်ငန်းရှင်များကို ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများပေးနိုင်ရန် ပြည်တွင်းဘဏ်များနှင့် ချိတ်ဆက်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောသည်။

**ဆင်ဟွာ**



# နီပေါနိုင်ငံသို့ နိုင်ငံတကာခရီးသွား ဝင်ရောက်မှု ယခုနှစ် ဩဂုတ်လအတွင်း ၂၂ ရာခိုင်နှုန်း မြင့်တက်

**ခတ္တမန္ဒူ စက်တင်ဘာ ၂**

နီပေါနိုင်ငံသို့ ဩဂုတ်လအတွင်း နိုင်ငံတကာခရီးသွား ဝင်ရောက်မှု မြင့်တက်လာခဲ့ပြီး ယမန်နှစ် အလားတူလနှင့် နှိုင်းယှဉ်လျှင် ၂၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း နီပေါခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က စက်တင်ဘာ ၁ ရက်တွင် ပြောသည်။

နီပေါနိုင်ငံသို့ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၇၂၇၁၇ ဦးရှိရာမှ ယခုနှစ် ဩဂုတ်လတွင် ၈၈၆၈၀ အထိ မြင့်တက်လာခြင်းဖြစ်သည်။ ယခုနှစ် ပထမရှစ်လအတွင်း နီပေါနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု စုစုပေါင်းမှာ ၇၃၆၅၆၂ ဦးရှိလာပြီဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် နီပေါနိုင်ငံအတွက် နိုင်ငံခြားငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပံ့ပိုးပေးနေသည့် အဓိကလုပ်ငန်းတစ်ခုဖြစ်သည်။

**ဆင်ဟွာ**

# မွန်ဂိုလီးယား ဗဟိုဘဏ်က ရှစ်လအတွင်း ရွှေ ၇ ဒသမ ၇ တန် ဝယ်ယူ

**အူလန်ဘာတာ စက်တင်ဘာ ၂**

မွန်ဂိုလီးယားနိုင်ငံ ဗဟိုဘဏ်က ယခုနှစ် ပထမရှစ်လအတွင်း တရားဝင်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှ ရွှေစုစုပေါင်း ၇ ဒသမ ၇ တန် ဝယ်ယူခဲ့ကြောင်း စက်တင်ဘာ ၁ ရက်တွင် ပြောသည်။

မွန်ဂိုလီးယားဘဏ်၏ ထုတ်ပြန်ကြေညာချက်အရ ဩဂုတ်လအထိ ရွှေဝယ်ယူမှုပျမ်းမျှဈေးနှုန်းမှာ တစ်ဂရမ်လျှင် မွန်ဂိုလီးယား တူဂရစ် ၃၈၇၂၅၉ ဒသမ ၁၂ (အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၇ ဒေါ်လာခန့်) ရှိကြောင်း သိရသည်။ ရွှေဝယ်ယူခြင်းသည် နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းရန် ဗဟိုဘဏ်အတွက် အဓိကကျသော နည်းလမ်းများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်အရ နိုင်ငံခြားသုံးအရန်ငွေ စုစုပေါင်းပမာဏမှာ ယခုနှစ် ဇူလိုင်လကုန်အထိ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၈ ဘီလီယံရှိကြောင်းသိရသည်။

**ဆင်ဟွာ**



# တော်သလင်းလနှင့် မြန်မာ့ဓလေ့ လှေပြိုင်ပွဲတော်

လွန်းပိုးအိမ်

> **“ ပြိုင်ဘက်လှေထက် ရှေ့နည်းနည်းရောက်သည်နှင့် တက်ထောင်သည့်ကိစ္စဖြစ်၏။ အမှန်စင်စစ် ပန်းဝင်သေးတာ မဟုတ်ပါ။ နောက်ကျသည့်လှေကလည်း ပန်းတိုင်မရောက်ခင် ကြိုးစားလျှင် ရနိုင်ပါသေး၏။ မကြိုးစားတော့ဘဲ ရှုံးတော့မှာပဲဆိုပြီး ထပ်မံမလှော်ခတ်တော့ဘဲ ခြေပစ်လက်ပစ် စိတ်ဓာတ်ကျသည့် ကိစ္စဖြစ်သည်။ ထိုကိစ္စမျိုးသည် တိုင်းပြည်ထူထောင်ရာတွင် လွတ်လပ်သည့်လူမျိုးနှင့် ထိုက်တန်သည့် စိတ်ဓာတ်မျိုးမဟုတ် ”**

တော်သလင်းလတွင် **“တော်”** မှာ အမြင့်ကောင်းကင်ဖြစ်၍ **“သလင်း”** မှာ သာလင်းသာယာ ထွန်းလင်းခြင်းဖြစ်၏။ တော်သလင်းဟူသည်မှာ ကောင်းကင်တွင် မိုးသားမိုးတိမ်များ ကင်းစင်၍ ကြည်လင်သာယာလျက်ရှိသည်ကို ဆိုလိုခြင်းဖြစ်သည်။

တော်သလင်းလသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် အဋ္ဌမမြောက်လ ဖြစ်ပါသည်။ တော်သလင်းဟု ခေါ်ဆိုရခြင်းမှာ တော်သလံ (နှစ်သက်ဝမ်းမြောက်ခြင်း) ဟူသော ပါဠိဝေါဟာရအရ ဤလတွင် စပါးကောက်ပင်များ ထူထောင်ရှင်သန်လာပြီဖြစ်၍ လယ်သမားတို့၏ စိတ်ဘဝင်ကို ကျေနပ်ကြည်နူးစေသောကြောင့် တော်သလင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် **“တော်သလင်း မြစ်တွင်း သင်ဖြူးခင်း”** ဟူသည့် ရှေးဆိုရိုးစကားနှင့်အညီ တော်သလင်းတွင် ရေစီးအဟုန် ညင်သာ၍ မြစ်တွင်းသာ၍ သစ်ဖောင်၊ ဝါးဖောင်များ စုန်ဆင်းလေ့ရှိ၏။ ဤသည်ကို အကြောင်းပြု၍ တော်သလင်းလကို သစ်ဆင်းလဟု ခေါ်ခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် သစ်ဆင်းလကို လုံးဝမသုံးစွဲတော့ကြောင်း လေ့လာသိရှိရပါသည်။

ပုဂံခေတ်နှင့် အင်းဝခေတ်ထိုး ကျောက်စာတို့တွင် တော်သလင်းကို သစ်ဆင်းလဟု ခေါ်ဆိုရေးသားခဲ့သည်ကို မတွေ့ရဘဲ သစ်ဆင်းဟူသောစကားလုံးကို အင်းဝခေတ်ကဗျာတို့တွင် ရှေးဦးစွာတွေ့ရ၏။ အချို့သောပညာရှင်တို့က သစ်ဖောင်၊ ဝါးဖောင်များ စုန်ဆင်းသောလဟု အဓိပ္ပာယ်ကောက်ကြသည်။ စာဆိုဦးအောင်ကြီး၏ လူးတားတွင် တိုင်လေးစင်၏ ထိပ်ဖျားမှ ပိုက်ခင်းထားသောရေပြင်ပေါ်သို့ ခုန်ဆင်းသည့် ပျော်ပွဲသဘင်ကို အခိုင်အမာ ဖော်ပြထားသောကြောင့် ပန်းလုသဘင် သစ်ဆင်းရင်သောပွဲတော်ကို အစွဲပြု၍ သစ်ဆင်းလဟုခေါ်ကြသည်။

တော်သလင်းလသည် မိုးလယ်လဖြစ်သောကြောင့် အထက်အာကာတစ်ခွင်တွင် မိုးသားမိုးတိမ်တို့ဖြင့် ညို့မှိုင်းအုံ့ဆိုင်းနေပါသည်။ တစ်ခါတစ်ရံ ဝယ်အာကာယံတွင် တိမ်သဘင်ဆင်ယင်နေပြီး မှောင်တစ်ခါ၊ ပြာတချို့၊ ညိုတစ်လီ၊ ရည်တစ်ဖုံရှိနေသည်။ တိမ်ဂဠုန်တို့မှာ မာန်ဟုန်ပြကာ စစ်ခင်းနေတတ်ပါသည်။

နေရောင်ခြည်သည် မှိတ်တုတ်မှိတ်တုတ်နှင့် မလင်းတစ်လှည့်၊ လင်းတစ်လှည့် ဖြစ်နေချိန်၊ မိုးသားများကြားတွင် ပုန်းကွယ်နေသော သူရိန်နေမင်းမှာ ပေါ်ထွက်လာသည်။ တော်သလင်းလတွင် နေရှိန်ပြင်းသကဲ့သို့ မိုးများလည်း လယ်ကန်သင်းကျိုးအောင် သည်းထန်စွာ ရွာတတ်သည်။

မိုးဆယ့်နှစ်မျိုးဖွဲ့တွင် **“တော်သလင်းမိုး ကန်သင်းကျိုး၊ တော်သလင်းတိမ်ညို၊ စားဖိုသည် ဆင်းရဲ၊ မိုးမစဲ၊ တော်သလင်းဆီးနှင်းတစ်ပြိုက် မိုးတစ်ပြိုက်”** ဟု စာဖွဲ့သလို **“တော်သလင်းနေ ပုစွန်သေ”** ဟူသော စကားအတိုင်း ငါးငယ်၊ ပုစွန်ငယ်ကလေးများပင် သေလောက်အောင် ပူပြင်းတောက်ပနေသည်မှာ ပြောစမှတ်တွင်သည်။

တော်သလင်းလတွင် **“ကန်ဆင်းမိုး”** သည် ထူးခြားစွာ ရွာချသည်။ တနင်္ဂနွေ ဂြိုဟ်မင်းသည် သိန် (သိမ်) ရာသီမှ ကန်ရာသီသို့ ပြောင်းဝင်ဆင်းသက်ရာမှ ကန်ဆင်းမိုးခေါ်ဝေါ်ကြောင်းကို–

> **“ထောင်ခြည်ထိန်လင်း၊ တိမ်ကယွင်း၍၊**
> **လျှံဝင်းဖြိုးဖြိုး၊ ကန်ဆင်းမိုးဟု၊**
> **ကြိုးကစွေသွန်၊ မေဃဝန်သို့.......”** ။
>
> **(အဘိရူပကပျို့)**

ကန်ဆင်းမိုးသည် သကြံန်အတက်နေ့မှ လွန်မြောက်သောနေ့တွင် ရွာသွန်းမြဲဖြစ်သည်။ ကန်ဆင်းမိုးရွာမည့်ရက်ကို နှမ်းကြီးကြဲရန်အတွက် လယ်သမားများ မှတ်သားကြသည်။ ၎င်းတို့အတွက် အဓိကကျသော မိုးဖြစ်သည်။ **“ရာငါးဆယ့်လေး၊ မဝေးသင်္ချာ၊ ပဒုံကြာနှင့် ရင်းမာထုံသင်း၊ တော်သလင်း၌၊ ကန်ဆင်းခေါ်မြဲ၊ ဖျောက်ဆိပ်လွဲဟု၊ နှမ်းကြဲကာလ ဟူကုန်ကြ၏”** ဟု မန်လည်ဆရာတော်ကြီးက မာဃဒေဝလင်္ကာသစ်၌ ဖွဲ့ဆိုတော်မူခဲ့ပါသည်။

ဤရာသီတွင် မြစ်ရေများဖွေးဖွေးလှုပ်၍ ကမ်းပြည့်သည်အထိ လျှံတက်ကျနေသည်။ ကိုင်းပင်များလည်း ဖွေးဖွေးလှုပ်ကာ အဖူးအပွင့်များ ဝေဆာလျက် လွမ်းစရာ့ ပန်းချီသဖွယ် သရုပ်ဖော် ဖော်ကျူးထားပုံကို –

> **“ကန်ရာသီဟု၊ အာနီမြခိုင်၊ ရင်းမာလှိုင်က မွှေးကြိုင်နံ့ရှင်၊ တော်သလင်းကား”** ဟူ၍

ဆည်သည်ရွာစား ဦးအောင်ကြီး၏ ရာသီဖွဲ့ လူးတားကဗျာအရ ယင်းမာပန်းကို ရာသီပန်းအဖြစ် သတ်မှတ်ခဲ့ကြသည်။ အခြားပန်းများဖြစ်သော ပုန်းညက်ပန်း၊ ခတ္တာပန်းတို့လည်း ဖူးပွင့်နေပါသည်။ တော်သလင်းလ၏ သဘာဝအခြေအနေနှင့် ယင်းမာပန်းနံ့ မွှေးပုံကလေးကို နန်းတွင်းသူ မယ်ခွေကချစ်စရာကောင်းအောင် ရေးဖွဲ့ပုံမှာ **“မင်းလွင်ငယ်မှာတလှည့်၊ မသာစနိုး စိတ်လက်ကယ်ညှိုးအောင်၊ မိုးတလှည့်နှင့်၊ အိုဘယ့်ရာသီ၊ လည်ပြောက် လည်လှုပ်၊ ပဲတောင်းပြုတ်နှင့် ဖုတ်ဇီဝဖိုး၊ တောင်တံရိုးက၊ ချစ်ကြိုးမပျက်၊ လည်ချင်းယှက်လို့၊ ဝတ်ရက်ကယ်ချီသည်၊ ဝေသီသီပင်မြင့်နန်းက၊ ပန်းယင်းမာမွှေး”**ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။

> ❑ **တော်သလင်းလတွင် လေပြင်း၊ မိုးပြင်းတိုက်ခတ်သောလ ပြီးဆုံးလေပြီ။ ရေပြင်ဝယ် ရေစီးမသန်၊ လှိုင်းမထန်ပြီ။ “တော်သလင်း၊ မြစ်တွင်း၊ သင်ဖြူးခင်း” ပြီတည်း။ မြစ်ရေပြင်သည် သင်ဖြူးခင်းထားသကဲ့သို့ ညီညာပြန့်ပြူးနေ**
>
> ❑ **တော်သလင်းလတွင် မြန်မာ့ရိုးရာ အားကစားတစ်ရပ်ဖြစ်သော လှေပြိုင်ပွဲကို ဆင်ယင်ကျင်းပခြင်းသည် ထူးခြားမှုရှိသည်။ လှေပြိုင်ပွဲကြောင့် အချင်းချင်း စည်းလုံးညီညွတ်မှုရှိခြင်း၊ ကိုယ်လက်ကြံ့ခိုင်ခြင်း၊ ဇွဲသတ္တိနှင့် လုံ့လဝီရိယရှိခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေ**

တော်သလင်းလတွင် လေပြင်း၊ မိုးပြင်း တိုက်ခတ်သောလ ပြီးဆုံးလေပြီ။ ရေပြင်ဝယ် ရေစီးမသန်၊ လှိုင်းမထန်ပြီ။ **“တော်သလင်း၊ မြစ်တွင်း၊ သင်ဖြူးခင်း”** ပြီတည်း။ မြစ်ရေပြင်သည် သင်ဖြူးခင်းထားသကဲ့သို့ ညီညာပြန့်ပြူးနေပါသည်။

တောင်သူလယ်သမားများသည်လည်း စိုက်၍ပျိုး၍ ပြီးစပြုသောအချိန်ဖြစ်သောကြောင့် လှေငယ်များကို ပြင်ကာ၊ ဖာထေးကာဖြင့် တက်ရေးပြင်ကြရပြန်သည်။ မြစ်ရေပြင်ကျယ်ဝယ် လှေအသွယ်သွယ်တို့ လှေသဘင်ပွဲ ဆင်နွှဲကြတော့မည်။ ဦးယာ၏ တော်သလင်းလဖွဲ့ လူးတားတွင်မူ–

> **ပန်းရွှေယင်းမာ၊ လှိုင်စွာပျံ့သင်း၊**
> **တော်သလင်းဟု၊ မြစ်တွင်းသဘင်၊**
> **လှေပွဲဆင်၍၊ လက်သင်လှော်ကား၊**
> **ရွှေလှေများကို၊ ကစားလူးလာ၊**
> **စုန်ကာဆန်လျက်”** ဟု ရေးဖွဲ့ထားလေသည်။

ရှေးမြန်မာမင်းများ လက်ထက်တွင် ရေတပ်မတော်သည် စစ်ရေးစစ်ရာတွင် အဓိကအားကိုးအားထားပြုရသည်။ ရေတပ်မတော်သားများကို လက်ရွေးစင်စစ်သည်များဖြင့် ဖွဲ့စည်း၍၊ ရေတပ်မတော်ကို လှေဖောင်ယာဉ်များဖြင့် ဖွဲ့စည်းခဲ့သည်။ ရေတပ်သားတစ်ဦးဖြစ်လာ၍ အောင်ပွဲအလီလီ ရယူခဲ့ရသည်။ ရေတပ်သားတစ်ဦး၏ အရည်အချင်းမှာ မြင့်မားလှသည်။ တိုက်ပွဲပေါင်းမြောက်မြားစွာ အောင်နိုင်ပြီးသူဟု တင်စားခေါ်ဝေါ်နိုင်သည်။ လှေတပ်ကိုလည်း နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ရာတွင်လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင်လည်းကောင်း အသုံးပြုခဲ့ကြသည်။

လှေပွဲသဘင်ကို မြန်မာမင်းများ နှစ်သက်မြတ်နိုးကြသည်။ ဘုရင်ကိုယ်တိုင် ဦးဆောင်၍ကျင်းပလေ့ရှိသည်။ လှေပွဲသဘင်ကို လှေအမျိုးအစားအလိုက် ခွဲခြားပြုလုပ်၍ ပြိုင်ကြသည်။ ကြည့်ရှုအားပေးကြသော ပရိသတ်များက အိုးစည်ဗုံမောင်းများ တီးမှုတ်ကခုန်၍ ပျော်ရွှင်မဆုံးရှိကြသည်။

တော်သလင်းလတွင် မြန်မာ့ရိုးရာအားကစားတစ်ရပ်ဖြစ်သော လှေပြိုင်ပွဲကို ဆင်ယင်ကျင်းပခြင်းသည် ထူးခြားမှုရှိသည်။ လှေပြိုင်ပွဲကြောင့် အချင်းချင်း စည်းလုံးညီညွတ်မှုရှိခြင်း၊ ကိုယ်လက်ကြံ့ခိုင်ခြင်း၊ ဇွဲသတ္တိနှင့် လုံ့လဝီရိယရှိခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။

လှေနှင့်ပတ်သက်၍ မြန်မာစကားပုံများလည်း ရှိသည်။ လှေခွက်ချည်းကျန်၊ အလံမလှဲ၊ လှိုင်းကြီးလှေအောက်၊ လှေအဆင်းမြင်းအတက်၊ လှေနံနှစ်ဖက်နင်း၊ မရဲဘဲနဲ့ လှေကွဲကြီးကိုစီး၊ ငှါးလှေငါထိုးပဲခူးရောက်ရောက်၊ ကျော်တော့လှေသူကြီး၊ ညားတော့ လှေထိုးသား၊ လှေနံဓားထစ်၊ ရေစုန်မှာလှေကြုံစီး၊ လှေကြီးထိုးရိုးရိုး စသည်တို့မှာ မှတ်သားစရာကောင်းလှသည်–

> **လှေဦးလန် ရွက်စုံမော့နဲ့**
> **စုန်ရော့ကွယ်လေး..**
> **စုန်ရော့ကွယ် မဆိုထိုက်တယ်**
> **လွမ်းခိုက်မို့လေး .......** ။

အထက်ပါ အမည်မသိစာဆိုရှင်၏ လှေနှင့်ပတ်သက်သော ကဗျာလေးမှာ ချစ်စရာကောင်းသလို တော်သလင်းလနှင့် လှေပြိုင်ပွဲအကြောင်းကလည်း စိတ်ဝင်စားစရာကောင်းလှသည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမ လူထုအစည်းအဝေးတွင် မိန့်ကြားခဲ့သော သမိုင်းဝင်မိန့်ခွန်းများထဲမှ လှေပြိုင်ပွဲနှင့်ပတ်သက်၍ ကျောင်းကုန်းမြို့ ဒါးကဆိပ်ကမ်း၌ ကျင်းပခဲ့သော လှေပြိုင်ပွဲတွင် ပြိုင်ဘက်လှေထက် ရှေ့နည်းနည်း ရောက်သည်နှင့် တက်ထောင်သည့်ကိစ္စဖြစ်၏။ အမှန်စင်စစ် ပန်းဝင်သေးတာ မဟုတ်ပါ။ နောက်ကျသည့် လှေကလည်း ပန်းတိုင်မရောက်ခင် ကြိုးစားလျှင် ရနိုင်ပါသေး၏။ မကြိုးစားတော့ဘဲ ရှုံးတော့မှာပဲဆိုပြီး ထပ်မံမလှော်ခတ်တော့ဘဲ ခြေပစ်လက်ပစ် စိတ်ဓာတ်ကျသည့်ကိစ္စဖြစ်သည်။ ထိုကိစ္စမျိုးသည် တိုင်းပြည်ထူထောင်ရာတွင် လွတ်လပ်သည့်လူမျိုးနှင့် ထိုက်တန်သည့် စိတ်ဓာတ်မျိုးမဟုတ်ဟု ထောက်ပြခဲ့ပါသည်။

ယခုအခါ တော်သလင်းလတွင် သတ်မှတ်ကျင်းပသော လှေပွဲသဘင်ဟူ၍ မရှိတော့ချေ။ အရပ်ဒေသအလိုက် သင့်တော်ရာလတွင်သာ သတ်မှတ်ကျင်းပသော လှေပြိုင်ပွဲများက ရှိနေဆဲပင်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုရလျှင် တော်သလင်းလသည် မြန်မာ့တစ်ဆယ့်နှစ်လရာသီအတွက် ဘာသာရေးဆိုင်ရာ ပွဲများမရှိသော်လည်း မြစ်ချောင်း၊ အင်း၊ အိုင်ရှိသော မြို့ရွာ၊ ကျေးလက်ဒေသများသည် လှေပြိုင်ပွဲများကို တတ်နိုင်သမျှ စွမ်းဆောင်နိုင်သမျှ ဆင်ယင်ကျင်းပလျက် ရှိပါသည်။ စည်းလုံးမှု၊ တက်ကြွမှု၊ အနိုင်မခံ အရှုံးမပေးမှုများဖြင့် ပြည့်စုံသော တော်သလင်းလနှင့် မြန်မာ့ဓလေ့ လှေသဘင်ပွဲတော်များကို မျိုးဆက်သစ်များက လက်ဆင့်ကမ်းနိုင်ကြပါစေ။ ။


**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ရုံးအမှတ် (၂)၊ နေပြည်တော်**

၁။ လိုင်စင်ဆိုင်ရာ အခကြေးငွေများ ပေးသွင်းခြင်းနှင့် လုပ်ငန်းအစီရင်ခံစာများ ပေးပို့ခြင်းတို့အား ဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ကို ၂၀-၂-၂၀၂၃ နေ့တွင် ရရှိသောကုမ္ပဏီများသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူ၏ တာဝန်များအား လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသွားမည်ဖြစ်၍ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၃၉ (က) (၂) အရ ထိုက်သင့်သော အခွင့်အရေးပေးသည့်အနေဖြင့် **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့** နောက်ဆုံးထားပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖြေရှင်းချက်နှင့်အတူ သက်ဆိုင်ရာအခကြေးငွေများ လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်–

(၁) Sane Shwe Htin Co.,Ltd [NFS(C) လုပ်ငန်းလိုင်စင်ရ]

(၂) Thunder Arrow Co.,Ltd [NFS(C) လုပ်ငန်းလိုင်စင်ရ]

၂။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၄၇၉ သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## ချောင်းဦးမြို့နယ်၌ ယာယီနေရပ်စွန့်ခွာလာသူများအား ထောက်ပံ့ငွေကျပ်သိန်း ၂၇၀ ကျော် ထောက်ပံ့ပေးအပ်

**ချောင်းဦး စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် အနော်ရထာခန်းမ၌ စက်တင်ဘာ ၁ ရက်က လက်တလော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာလာသည့် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ အဖွဲ့ဝင် ဗိုလ်မှူး ဝေဖြိုးသာ၊ အတွင်းရေးမှူး ရဲမှူး မြင့်သောင်းတို့က ယာယီနေရပ်စွန့်ခွာလာသူများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ ယာယီနေထိုင်ရေး၊ စားသောက်ရေး၊ လုံခြုံရေးအတွက် လိုအပ်ချက်များ မေးမြန်းကာ ဖြည့်ဆည်းပေးသည်။ ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ (၄/၂၀၂၅)၊ (၅/၂၀၂၅)၊ (၆/၂၀၂၅) လများအတွက် ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ်ခြောက်သောင်းစီ ပေးအပ်ခဲ့သည်။




**ထောက်ပံ့**

လက်တလော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာလာရသည့် ကင်မွန်းတော်ကျေးရွာနှင့် ကံဇီးကျေးရွာမှ ပြည်သူများ၊ ပင်လည်ဘူးမြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း အိမ်ထောင်စု ၁၁၂ စု၊ ပြည်သူ ၄၅၂ ဦးအား တစ်ဦးလျှင် သုံးလစာ ကျပ်ခြောက်သောင်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၇၀ ကျော် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမကဏ္ဍမှ ဆောင်းမြေပဲဧက ခုနစ်သောင်းကျော် လျာထားစိုက်ပျိုးမည်

**အင်္ဂပူ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ မြေပဲစိုက်သမအသင်းသား တောင်သူများ ဆောင်းမြေပဲစိုက်ပျိုးမှုနှင့် မြေပြုပြင်မှု အခြေအနေများကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးမင်းသည် အုတ်ရှစ်ကုန်းကျေးရွာအုပ်စု ဘုန်းကြီးကျောင်းတွင် မြေပဲစိုက်တောင်သူများနှင့် တွေ့ဆုံပြီး သမဝါယမ အသင်းသစ်များ တိုးချဲ့ဖွဲ့စည်းရေး၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမကဏ္ဍမှ ဆောင်းမြေပဲကို သတ်မှတ်လျာထားဧက ခုနစ်သောင်းကျော် စိုက်ပျိုးနိုင်ရေး၊ တောင်သူလိုအပ်ချက် မျိုးမြေပဲသွင်းအားစုများ ဖြည့်ဆည်း ပံ့ပိုးနိုင်ရေးအတွက် ယခုလို ကွင်းဆင်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဘုရားငုတ္တိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် သမအသင်းသားတောင်သူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်မှာကြားခဲ့ပြီး တောင်သူများ၏ လိုအပ်ချက်များအား ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ သမ အသင်းသားတောင်သူများ တက်ရောက်ခဲ့ပြီး ယခုနှစ်တွင် ဆောင်းမြေပဲကို သမအသင်းသား တောင်သူ ၁၀၉ ဦးမှ မြေပဲစိုက်ဧက ဧက ၄၁၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဟောပြော

**ပန်းတောင်း စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် အမက (လွန်) ခတ္တိယကျောင်းနှင့် အမက (လွန်) တမာကုန်းကျောင်းများသို့ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောသည်။



အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကလေးအလုပ်သမား ပပျောက်ရေးအတွက် ကလေးသူငယ်များ ဗဟုသုတရရှိစေရန် ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အလုပ်လုပ်ကိုင်နိုင်သော အနိမ့်ဆုံး အသက်အရွယ်၊ ပြစ်မှုပြစ်ဒဏ်များနှင့် ဆက်သွယ်တိုင်တန်းနိုင်သော ဖုန်းနံပါတ်များ စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ကလေးသူငယ်များအား ဗဟုသုတရဖွယ်ပုံပြင်များ၊ စိတ်ကြည်လင်ရွှင်လန်းစေရန် ကိုယ်ကာယလှုပ်ရှားမှုများ လုပ်ဆောင်စေခဲ့ပြီး အလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ဒေးဒရဲမြို့နယ် မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစိစစ်မှုများ တာဝန်ရှိသူများ ကြည့်ရှု

**ဒေးဒရဲ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မြေပြင်လူဦးရေစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီက မြို့နယ်အတွင်းရှိ လူဦးရေစာရင်း မှန်ကန်စေရေး၊ မြေပြင်ကွင်းဆင်းစာရင်း စိစစ်မှုများကို တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တော်ကမယ်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

အဆိုပါ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် တာဝန်ရှိသူများက အိမ်ထောင်စု အမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း၊ နေထိုင်ခြင်း ရှိ/မရှိ၊ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင်နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိနေထိုင်သူများ စာရင်းပြုခြင်း၊



မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်းမရှိသူများ၊ အိမ်ထောင်စုစာရင်းမရှိသူများအား စိစစ်၍ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်ခုခု ရရှိစေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား"အစီအစဉ်မှ **"နိုင်ငံရဲ့အထင်ကရနဲ့ သမိုင်းဝင်နေရာ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ TNLA အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ၃-၉-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUG၊ PDF တို့အတွက် အမှားကိုဝန်ချတောင်းပန်ပြီး ဥပဒေဘောင် ဝင်ရောက်ရုံမှတစ်ပါး အခြားမရှိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## လျှင်ဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

**ပိုင်ကျုံ စက်တင်ဘာ ၂**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ မဲပရကျေးရွာအုပ်စုရှိ မူ(လွန်)မဲပရကျောင်း၌ ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်သော အကြောင်းအရာများကို ကျောင်းသားလူငယ်များ အသိပညာရရှိရန် ရည်ရွယ်၍ စက်တင်ဘာ ၁ ရက်က အသိပညာပေးဟောပြောပွဲ ဆောင်ရွက်သည်။

အဆိုပါဆွေးနွေးပွဲတွင် ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်ခူးခူးက ငလျင်ဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ငလျင်လှုပ်နေစဉ် လိုက်နာဆောင်ရွက်ရမည့်အခက်အခဲများနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်တို့ကို ဆွေးနွေးပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**နော်ခူး(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ မွေးဖွားခြင်း၊ သေဆုံးခြင်းဆိုင်ရာကိစ္စရပ်များအကြောင်း အသိပညာပေး

**မိုင်းဖြတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း နေထိုင်သူများအနေဖြင့် မွေးဖွားခြင်း၊ သေဆုံးခြင်းဆိုင်ရာကိစ္စရပ်များအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများအတွင်း နေထိုင်သူများအနေဖြင့် မွေးဖွားခြင်း၊ သေဆုံးခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သတင်းပို့စေရေး၊ အုပ်ချုပ်ရေးမှူးများက အဆိုပါလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေဘိုတန်း -ဇီးငူ ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ကျောင်းကုန်း စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ် နှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ရွှေဘိုတန်း -ဇီးငူကျောက်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့သည်။



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဌာနမှဆောင်ရွက်သည့် အမှတ်(၃)ရပ်ကွက် ရွှေဘိုတန်း-ဇီးငူလမ်း ကျောက်လမ်းခင်းခြင်း (၀/၄မိုင် x ၁၆ ပေ x ၆ လက်မ) လုပ်ငန်းအား ရန်ပုံငွေကျပ် သန်း ၁၇၇ ဒသမ ၇၇၀ ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၂၄၈၁ အိမ်နှင့် လူဦးရေ ၁၀၀၈၂ ဦးအား အကျိုးပြုသောလမ်း ဖြစ်သည်။

အဆိုပါကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်း၊ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းနှင့် မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်စေရေး မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်(အထက) နတ်ကြီးချောင်ကျောင်း၌ လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ပြုလုပ်

**ပေါင် စက်တင်ဘာ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့က ပေါင်မြို့နယ် အထက နတ်ကြီးချောင်ကျောင်း၌ ကျင်းပသည်။



ယင်းနောက် လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး (အထက) နတ်ကြီးချောင်ကျောင်းမှ Grade-11 ကျောင်းသား မောင်မင်းချမ်းမွန်က လူငယ်နှင့် စိန်ခေါ်မှုခေါင်းစဉ်၊ Grade-11 ကျောင်းသူ မသွန်းအိကိုက လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်၊ Grade-10 ကျောင်းသူ မသီရိမြတ်နိုးလင်းက လူငယ်နှင့် အားကစားခေါင်းစဉ်၊ Grade -11 ကျောင်းသား မောင်စိုးထက်ပိုင်က လူငယ်နှင့်ခေတ်ရေစီးကြောင်းခေါင်းစဉ်၊ Grade-8 ကျောင်းသူ မအက်စတာကိုက လူငယ်နှင့် ပလတ်စတစ်အန္တရာယ် ခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးကြပြီး ကျောင်းသားကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြန်လည်ဖြေကြားပေးခဲ့ပြီး (အထက) နတ်ကြီးချောင်ကျောင်းမှ ကျောင်းဆရာ ဦးစောနိုင်လင်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယနေ့ကျင်းပသော လူငယ်စကားဝိုင်းသို့ (အထက) နတ်ကြီးချောင်ကျောင်းမှဆရာ ဆရာမများ အပါအဝင်ကျောင်းသားကျောင်းသူ ၂၃၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ စားသုံးသူရေးရာအသိပညာပေးဟောပြော

**ပခုက္ကူ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်မင်းနှင့် ဝန်ထမ်းများက စားသုံးသူကာကွယ်ရေးဥပဒေပါ အကြောင်းအရာများ၊ အွန်လိုင်းမှတ်ပုံတင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့်



မှုပိုင်ခွင့်ဥပဒေဆိုင်ရာ အကြောင်းအရာများ၊ စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ Consumer Call Center (1535) သို့ ဆက်သွယ်၍ စားသုံးသူရေးရာနှင့် ပတ်သက်ပြီး ဆွေးနွေးမေးမြန်းခြင်း၊ တိုင်ကြားနိုင်ခြင်း စသည့်အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းဟောပြောကြရာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့ အမှတ် (၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဟောပြောမှုအပေါ် နားလည်မှတ်သားနိုင်မှုစွမ်းရည်အခြေအနေများ မေးမြန်းကာ အဖြေမှန်ရရှိသူများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခြင်း၊ စားသုံးသူရေးရာ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်းမုန့်ဈေးတန်းများ၌ ရောင်းချသော စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိ မရှိ၊ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိမှု ရှိ မရှိ၊ သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချထားမှု ရှိ မရှိအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## မြောင်းမြမြို့၌ လျှပ်စစ်သံဂဟေဆက်နည်း သင်တန်းဖွင့်

**မြောင်းမြ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မဒေါ်ပင်စံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကိုက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးနေလင်းစိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို နည်းပြဆရာတစ်ဦးက စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ သင်တန်းသား ၂၀ အား သံဂဟေဆက်နည်းပညာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း မိခင်ကလေး ကျန်းမာရေးဌာန၌ မြို့ပေါ်ရပ်ကွက်များမှ မွေးကင်းစမှ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များ လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို စက်တင်ဘာ ၁ ရက်က ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်စဉ်။ ကိုကျော်(သုံးခွ)



## ကျွန်းလှမြို့နယ်၌ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျွန်းလှ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

ကျွန်းလှမြို့ပေါ်ရှိ မွေးစမှ အသက် နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဦးစီးဌာန၌ လည်းကောင်း၊ ကျေးရွာများရှိ ကလေးငယ်များအား မြို့နယ်ပြည်သူ့ဆေးရုံ၌ လည်းကောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ထိုးနှံတိုက်ကျွေးပေးကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ဘိုကလေးမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းပွဲကျင်းပ

**ဘိုကလေး စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြို့တော်ခန်းမ၌ ဩဂုတ် ၃၁ ရက်က အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးရဲမင်းဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်တွင်းမှ စီးပွားရေးလုပ်ငန်းရှင် အခွန်ထမ်းများ တက်ရောက်ကြပြီး ဆွေးနွေးပွဲ၌ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်က ပြေစာများ၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရေးနှင့် အခွန်တိုးတက်ကောက်ခံရရှိရေးဆိုင်ရာများအတွက် ရှင်းလင်းဆွေးနွေး အသိပညာပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ရွှေကျင် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မကျည်းတန်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ မကျည်းတန်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးခင်ဝင်းနိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်း ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင် ပါဝင်ပြီး Grade(8)မှ ကျောင်းသား မောင်ဖြိုးကျော်သန့်နှင့်အဖွဲ့က လူငယ်နှင့် ယဉ်ကျေးမှု၊ Grade(7)မှ မဆုပြည့်ဦးနှင့်အဖွဲ့က လူငယ်နှင့်အားကစား၊ Grade(7)မှ ကျောင်းသူ မဆွိတီနှင့်အဖွဲ့က လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ Grade(8)မှ ကျောင်းသားမောင်လင်းသန့်မောင်နှင့်အဖွဲ့က လူငယ်နှင့်အနာဂတ် အစရှိသည့် အကြောင်းအရာများကို ခေါင်းစဉ်အလိုက်ဆွေးနွေးကြသည်။ အဆိုပါဆွေးနွေးပွဲသို့တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက မိမိတို့သိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ပြည်မြို့နယ်၌ မိုးနှောင်းဝါသီးနှံစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

**ပြည် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သမဝါယမအသင်းသား တောင်သူများ၏ မိုးနှောင်းဝါသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေကို ယနေ့ နံနက်ပိုင်းက သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေး၊ သမဝါယမဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့သည်။ (ယာပုံ)

ကွင်းဆင်း စစ်ဆေးရာတွင် ပြည်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ ပြည်မြို့နယ် သမဝါယမအသင်းစု အစီအစဉ်ဖြင့် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့်ညီမျှသော Raka 666(BT)မျိုးနှင့် သွင်းအားစုများ ပံ့ပိုးဆောင်ရွက်သည့် သမဝါယမအသင်း ခုနစ်သင်းမှ အခြေခံသမဝါယမ အသင်းသား တောင်သူ ၅၆၅ ဦး၏ မိုးနှောင်းဝါသီးနှံစိုက်ပျိုးဧက ၂၇၀၀ အနက် အုတ်ဆွဲအုပ်စု ဝန်တင်ဆိပ် ကျေးရွာရှိ "ဝန်တင်ဆိပ်" စိုက်/ထွေ သမဝါယမအသင်းမှ အသင်းသားတောင်သူ ၇၄ ဦး၏ စိုက်ဧက ၂၄၀ Raka 666(BT) မိုးနှောင်းဝါ စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ကိုဆက်(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်၌ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မြို့နယ် ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့က မင်းကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အုန်းဆန်းက အားကစားသမား လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်၍ ဘောလုံးပြိုင်ပွဲ ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားကြရာ မင်းကုန်း အခြေခံပညာ အထက်တန်း ကျောင်းအသင်းက အမှတ်(၁၂) အခြေခံပညာ အထက်တန်း ကျောင်းအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ နှစ်သိမ့်ဆု၊ တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသော အသင်းများအား ငွေသားဆုများကို မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး ပထမဆုရ မင်းကုန်းကျေးရွာ အထက်တန်းကျောင်း အသင်းအား ဆုဖလားကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်ခဲ့သည်။ (ဝဲပုံ)

**အောင်မျိုးဝင်း(ဥတ္တရ)**

# လက်ပံတန်း၌ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား UID ကတ်များပေးအပ်

**လက်ပံတန်း စက်တင်ဘာ ၂**

လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား UID ကတ်များ ပေးအပ်ခြင်းကို ယမန်နေ့က မြန်မာ့စီးပွားရေးဘဏ်၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်အငြိမ်းစားဝန်ထမ်းများ အသင်းနှင့် ပူးပေါင်း၍ ဇူလိုင် ၂၁ ရက်မှ ယနေ့အထိ ပင်စင်လာရောက်ထုတ်ယူသော အငြိမ်းစားဝန်ထမ်း ၂၈၇ ဦး၊ လာရောက်ထုတ်ယူနိုင်ခြင်း မရှိသူများအား ရပ်ကွက်ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ရာ ၂၇ ဦး စုစုပေါင်း ၃၁၄ ဦးအား UID ကတ်ပြားများနှင့် ပျောက်ဆုံးပျက်စီးသူ ခုနစ်ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒေသတွင်းဘွားသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် စက်တင်ဘာ ၂ ရက်အထိ သေဆုံးသူ ၃၇၉၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၁၁ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# လူသတ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ကျခံစေရန် အမိန့်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် နယ်မြေ (၈) ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက်တွင် လူသတ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံအား ပျဉ်းမနားခရိုင်တရားရုံးက သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် နယ်မြေ(၈) ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်က နေမျိုးထိုက်အား ဂျပ်စ်ပဲရိုး(ခ)ကျော်သိန်း(ခ) ဇော်ဇော်လတ်နှင့် အောင်အောင်(ခ)အောင်ကြီးတို့က ဓာတ်ဆီလောင်းပြီး မီးရှို့ခဲ့သဖြင့် နေမျိုးထိုက် သေဆုံးသည့်အမှုဖြစ်ပွားခဲ့သည်။

ယင်းအမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားစွဲဆိုတင်ပို့ခဲ့ရာ ပျဉ်းမနားခရိုင်တရားရုံးက ရာဇဝတ် အထွေထွေမှုအမှတ် ၃/၂၀၂၅ ဖြင့် တရားခံပြေး ဂျပ်စ်ပဲရိုး(ခ)ကျော်သိန်း(ခ)ဇော်ဇော်လတ်အား ရာဇသတ်ကြီးပုဒ်မ ၃၀၂/ကျင့်၅၁၂ အရရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ ထုတ်ဆင့်ဆောင်ရွက်ခဲ့ပြီး ရာဇဝတ်ကြီးမှုအမှတ် ၁၅/၂၀၂၅ ဖြင့် တရားခံ အောင်အောင် (ခ)အောင်ကြီးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ပျဉ်းမနားခရိုင်တရားရုံးက ယနေ့တွင် သေဒဏ်ကျခံစေရန်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀ ကိုလည်းကောင်း)၊ လွိုင်ကော်မြို့ နာနတ်တောရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဩဂုတ် ၂၉ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သာယာကုန်းကျေးရွာ ယာဉ်ရပ်နားဝင်းအနီး၌ မော်တော်ယာဉ် ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၂၅၂၃၄၆)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Canter Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် လေးတွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ် ခရဲကမ်းနား ကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၂၄၃၀၄၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၅၄၉၅၃၈၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့နယ်နှင့် ငဖဲမြို့နယ်တို့၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း လေးလုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၆၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၆၆၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၃၃၆၁၃၈၆)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ အမက - ကျောက်ထပ် (ရွာမ) ကျောင်းမှ လက်ထောက်မူလတန်းပြ ဦးစည်သူအောင်၏ ဖခင် ဦးသိန်းထွန်း ၁၄/ကကန(နိုင်)၁၁၁၁၄၃နှင့် ဦးထွန်းသိန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသိန်းထွန်း(ခ) ဦးထွန်းသိန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ အမက - တောင်ထိန်ကျောင်းမှ လက်ထောက်မူလတန်းပြ ဆရာမ နော်ရို့စ်မေရီ၏ ဖခင် စောဂန္ဒီနှင့် စောဂန္ဒီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**စောဂန္ဒီနှင့် စောဂန္ဒီ**

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ Rise ကိုယ်ပိုင်အထက် တန်းကျောင်း Grade-5 မှ မောင်ဖီးလစ်ထွဋ်ပြည့်လျှန်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၁၀-၂၀၁၄) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နမ့်စန်မြို့၊ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးသန်းထွန်း (၉/မနမ(နိုင်)၀၄၅၆၂၇) ၏ဖခင် ဦးညို(ခ) ဦးညိုကြီးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ အ.ထ.က(၂)မှ အလယ်တန်းပြဆရာမ ဒေါ်တင်တင်လှိုင် (၂/လကန(နိုင်) ၀၄၆၄၁၃) ၏ မွေးသက္ကရာဇ်အမှန်မှာ (၉-၂-၁၉၆၇) ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ဦးခင်ဝင်း၏သား ကိုရဲလင်းနိုင် ၁၄/ကပန(နိုင်) ၁၅၅၁၁၈ Passport No-MI 380657မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၉၂၀၂၈၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ အ.ထ.က (၇) မှ အထက်တန်းပြ ဒေါ်ကေသွယ်မိုး (၂/လကန(နိုင်)၀၅၃၇၂၄) ၏ ဖခင် ဦးဝင်းမောင်(ခ) ဦးကျော်လှိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ အား/ကာသိပ္ပံကျောင်းမှ အထက်တန်းပြ ဒေါ်ယဉ်ယဉ်ထွေးနှင့် ဒေါ်ရင်ရင်ထွေး (၂/လကန(နိုင်) ၀၁၀၆၁၀) သည် တစ်ဦး တည်း ဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ မြတ်ရတနာလမ်း၊ မြေကွက်အမှတ်(၅၄/၁၄)ရှိ အရှေ့အနောက် (၇၅)ပေ၊ တောင်မြောက် (၃၅)ပေ အကျယ်အဝန်းရှိသောမြေကွက်အား ကျွန်မ ဒေါ်နန်းကျင် မှ (၁၀-၂-၂၀၂၃)ရက် မြန်မာ့အလင်း သတင်းစာ ကြော်ငြာစာမျက်နှာ (၂၂) ပထမကော်လံပါ ကြေညာခြင်းကို ပြန်လည်ရုပ်သိမ်းပါသည်။ ကျွန်မသည် ဒေါ်နန်းခင်ရီ (၁၃/လရန(နိုင်)၀၅၂၅၅၄) နှင့် ပတ်သက်၍ ရုံး၊ ဌာန၊ အဖွဲ့အစည်း အသီးသီး၌ လျှောက်ထားသောကန့်ကွက်ချက်များအားလုံးကိုလည်း ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းကျင် (၁၃/တကန(နိုင်)၁၂၇၁၄၀) ဖုန်း-၀၉-၄၂၈၃၁၃၅၈၉**

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးခမ်းရွက်၏ သမီး မူဆယ်မြို့၊ အမှတ်(၄) မူလတန်းလွန်ကျောင်းမှ ဒေါ်အမ်ဖိန်း(၁၃/နခန(နိုင်)၀၁၈၉၀၀) ၏ မွေးသက္ကရာဇ် အမှန်မှာ (၂၇-၄-၁၉၆၈) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ အ.ထ.က(၂) မှ အလယ်တန်းပြ ဆရာမ ဒေါ်နှင်းဦး (၂/လကန(နိုင်) ၀၄၆၄၁၂) ၏ မွေးသက္ကရာဇ် အမှန်မှာ (၁၅-၅-၁၉၆၅) ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၃)၊ ဦးပိုင်အမှတ် ၁၄၊ ၆၅x၆၆လမ်းကြား၊ ၁၄၂လမ်းနှင့် ရေဆိုးပစ်မြောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်မောင် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၀၆/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ Sweety Home Industry Co.,Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးကျော်သင်း ၉/မမန(နိုင်)၀၂၀၁၂၀ကအမှုတွဲအမှတ်(၂၃၀၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/6370 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(ည)၊ ဦးပိုင်အမှတ်(ည-၂/၉)၊ ရန်-မန်းကားလမ်းအနောက်ဘက်၊ မုံရွေးဘုန်းကြီးကျောင်းလမ်းတောင်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလူအေး၏ (SP ရရှိသူ ဒေါ်မြင့်မြင့်သိန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၉၆၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မာလာသန်း ၉/မရမ(နိုင်) ၀၂၁၉၂၄က အမှု တွဲအမှတ်(၂၃၀၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက် နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် -၁ ရပ်ကွက်၊ အကွက်အမှတ် (ဏ-၆)၊ ဦးပိုင်အမှတ် ၇၇(ခဲစင်း)၊ ၆၄လမ်း၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးမောင်မောင် ၉/မရတ(နိုင်)၀၇၅၇၄၆၊ ဒေါ်မာလာတင် ၉/မရတ(နိုင်) ၀၇၅၉၂၉တို့က အမှုတွဲအမှတ် (၂၂၉၄/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့နယ်၊ ရွှေလှေကျေးရွာ ရပ်ကွက်(၂)တွင် နေထိုင်သော ကျွန်တော် (ဘ)ဦးမောင်တလုံး၏သား ဦးမြင့်မော် ၁၀/ဘလန(နိုင်) ၀၆၅၇၇၃နှင့် ကျွန်မ (ဘ)ဦးမောင်စိန်၏ သမီး ဒေါ်ယဉ်မြင့် ၁၀/ ဘလန(နိုင်) ၀၆၃၄၅၀ တို့(၂)ဦးမှ ၂၀၁၈ ခုနှစ်၊ ဘီးလင်းမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆/၂၀၁၈ဖြင့် သမီးဖြစ်သူ ဒေါ်ဖြူဖြူယဉ် (ဘ)ဦးမြင့်မော် ၁၀/ဘလန(နိုင်) ၀၆၃၄၇၀ထံသို့ အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ထားခြင်းအား ယနေ့ (၂၅-၈-၂၀၂၅)ရက်မှစ၍ ပြန် လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း**
**ကြေညာသူ-**
**ဦးမြင့်မော် - ဒေါ်ယဉ်မြင့်**
**ရပ်ကွက်(၂)၊ ရွှေလှေကျေးရွာ၊ ဘီးလင်းမြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/99710, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသူဇာ ၇/ပခတ(နိုင်) ၀၆၁၅၀၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၆၁၄၀၁ ယာဉ်လက်ဝယ်ရှိသူ စောကျော်မင်းစိုး ၁၀/ဘလန(နိုင်)၀၉၅၀၂၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ဟ/၉၅၁၈ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလေး ၁၀/ကမရ(နိုင်)၀၇၃၉၄၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ဃ/၄၄၁၁၁ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၀/ပမန(နိုင်)၂၃၇၂၆၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

မကွေးမြို့၊ တောင်တွင်းကြီးမြို့နယ်၊ ကုန်းတန်းကျေးရွာနေ ဒေါ်ခိုင်နှင်းဝေ (ဘ)ဦးဇော်မင်း (၈/တတက(နိုင်)၂၄၁၀၂၈) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးသန်းဇော်ထွန်း(ဘ) ဦးစန်းလွင် (၇/ပမန(နိုင်)၁၇၉၉၉၇)နှင့် ဒေါ်ခိုင်နှင်းဝေ(ဘ) ဦးဇော်မင်း(၈/တတက (နိုင်)၂၄၁၀၂၈)တို့သည် မြန်မာလူမျိုး/ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၇-၁၁-၂၀၁၆)ရက်မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သမီး (၁)ဦးထွန်းကားခဲ့ပါသည်။ ထို့နောက် ဦးသန်းဇော်ထွန်းနှင့် ဒေါ်ခိုင်နှင်းဝေတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းတိုက်ဆိုင်မှုမရှိတော့သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့ပါသဖြင့် (၁၁-၈-၂၀၂၅)ရက်မှ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက် သေများရှေ့မှောက်တွင် လွတ်လပ်သောသဘောဆန္ဒအရ လက်မှတ်ရေးထိုးချုပ်ဆိုကြ၍ တရားဝင် ကွာရှင်းပြတ်စဲကြပြီးနောက် ယနေ့အချိန်ထိ တစ်ဦးနှင့်တစ်ဦးပတ်သက်ဆက်နွယ်မှုမရှိပါကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေး ကိစ္စအဝဝ တို့တွင်လည်း မည်သို့မျှ ပတ်သက်ဆက်သွယ်ကြခြင်းမရှိတော့ပါကြောင်းနှင့် သမီးဖြစ်သူ မစုစုဝေအား မိခင်ဖြစ်သူ ဒေါ်ခိုင်နှင်းဝေမှသာ ယနေ့အချိန်ထိ ပြုစုစောင့်ရှောက်ကာ အုပ်ထိန်းလျက်ရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်နှင်းဝေ (၈/တတက (နိုင်) ၂၄၁၀၂၈)၏ လွှဲအပ်ချက်အရ -**
**ဒေါ်နီနီလွင် (စဉ်-၅၃၇၅၈) အထက်တန်းရှေ့နေ**
**ဘဘ-၁၀/၂၅၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း- ၀၉-၂၅၆၃၄၅၅၁၂**




## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၈/ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ အမှတ်(၁၅/က)၊ တတိယထပ် (၄-လွှာ) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အားလက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိမ့်မွန်ခိုင်(၁၄/အမန(နိုင်) ၁၀၈၉၉၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရီလဲ့ဝေ(၁၂/ကမတ(နိုင်)၀၅၇၃၀၄)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)**

**ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)**

**ဒေါ်သိမ့်သဥ္ဇလီ (LL.B, LLM) အထက်တန်းရှေ့နေ (စဉ်-၅၆၈၈၇)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ဖခင်အမည်မှန်

သရက်ခရိုင်၊ မင်းလှမြို့နယ်အခြေခံပညာအထက်တန်းကျောင်းခွဲ(ခလိုင်း) Grade 8 တွင် ပညာသင်ကြားနေသော မောင်ချမ်းမင်းကို ၏ဖခင် ဦးမောင်ဌေး ၏ အမည်မှန်မှာ ဦးတင်မောင်ဌေး ၈/မလန (နိုင်) ၁၀၃၆၆၆ ဖြစ်ပါကြောင်း။

**ဦးတင်မောင်ဌေး**

## ဖခင်အမည်မှန်

သရက်ခရိုင်၊ မင်းလှမြို့နယ်အခြေခံပညာအထက်တန်းကျောင်းခွဲ(ခလိုင်း) Grade 6 တွင် ပညာသင်ကြားနေသော မောင်ကောင်းမြတ်ကျော် ၏ဖခင် ဦးအောင်ကျော်မိုး ၏ အမည်မှန်မှာ ဦးကျော်မိုး ၈/မလန(နိုင်)၀၉၂၂၁၈ ဖြစ်ပါကြောင်း။

**ဦးကျော်မိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၇၈၂၂၀, New Sumbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝင်း ၉/တတဥ(နိုင်) ၀၅၉၆၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(စစ်ကိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄/၁၊နန္ဒဝန်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(သရဖီလမ်း-၄)၊ဧရိယာ(၀.၁၇၂)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ်၊၅၈/၂၀၀၁-၂၀၀၂အရ(၄-၁၂-၂၀၀၁)မှ(၃-၁၂-၂၀၃၁)ထိ ဦးထီအောင် အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသောမြေငှား စာချုပ်အား ဦးတေဇာထွန်းအမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကိုဤရုံးသို့ ကြော်ငြာသည့် (၂၀-၈-၂၀၂၅)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/86773, Yunde-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးဆွေ ၅/ရဘန(နိုင်) ၁၈၀၁၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက် အမှတ် (လလ-၂၃)၊ ဦးပိုင်အမှတ်(၁၀)၊ ၆၅x၆၆ကြား၊ ရွှေလုံဗိုလ်xပန်းပဲမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးမြတ်ဇော်ဦး၏ (SP ရရှိသူ ဦးဇော်လင်းမြတ်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၂၁၃၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဆာဗီသရီး(ခ)နီလာ ၉/ပဥလ(နိုင်) ၀၀၁၆၉၂က အမှုတွဲအမှတ် (၂၃၀၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၄ ခဲစင်း)၊ ပတ္တမြားလမ်းနှင့် သနပ်ခါးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းထူး၊ ဒေါ်နန်းအေးအေးအောင်တို့၏ (SP ရရှိသူ ဦးရန်နိုင်ထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၉၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲမောင်မောင် ၅/မရန(နိုင်)၁၂၆၂၁၉၊ ဒေါ်ဖြူဖြူသန့် ၅/မရန(နိုင်)၀၂၅၆၆၇တို့က အမှုတွဲအမှတ် (၂၂၉၉/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/77272, Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမော် ၉/မလန(နိုင်)၀၉၃၁၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## မူပိုင်ခွင့်ဦးစီးဌာန
## ကြော်ငြာစာအမှတ် (၁/၂၀၂၅)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၂၁) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်–

(က) ဒုတိယဦးစီးမှူး — လစ်လပ်( ၉ ) နေရာ
(လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)

( ခ ) အငယ်တန်းစာရေး — လစ်လပ် ( ၆ ) နေရာ
(လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀)

( ဂ ) ယာဉ်မောင်း–၅ — လစ်လပ် ( ၁ ) နေရာ
(လစာနှုန်းကျပ် ၁၆၂၀၀၀–၂၀၀၀–၁၇၂၀၀၀)

(ဃ) ရုံးအကူ — လစ်လပ် ( ၅ ) နေရာ
(လစာနှုန်းကျပ် ၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀)

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) ဒုတိယဦးစီးမှူးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(အင်္ဂလိပ်၊ ဥပဒေ၊ စီးပွားရေး၊ ကွန်ပျူတာဘွဲ့ရရှိသူများ ဦးစားပေးမည်။)
(ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။)
( ဂ ) အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။)
(ဃ) ယာဉ်မောင်း–၅ ရာထူးအတွက် အခြေခံပညာမူလတန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
(အနိမ့်ဆုံး ယာဉ်မောင်း(ခ)လိုင်စင် ရှိသူဖြစ်ရမည်။ ယာဉ်မောင်း အတွေ့အကြုံ အနည်းဆုံး ၃ နှစ်ရှိပြီး မော်တော်ယာဉ်ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ ဖြစ်ရမည်။)
( င ) ရုံးအကူရာထူးအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။
(ကွန်ပျူတာကျွမ်းကျင်သူကို ဦးစားပေးမည်။)
( စ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဆ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသူဖြစ်ရမည်။
( ဇ ) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြစ်မှု၊ ပြစ်ဒဏ်တစ်ခုခုကျခံခဲ့သူ၊ နုတ်ထွက်ခဲ့သူ မဖြစ်စေရ။
( ဈ ) ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် (၁၈)နှစ်ပြည့်ပြီး အသက်(၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူဖြစ် ရမည်။)
(ည) အထက်ဖော်ပြပါ ရာထူးအဆင့်များအားလုံးအတွက် ဌာနတွင် အနည်းဆုံးတစ်ဆက်တည်း(၃)နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။
( ဋ ) ဒုတိယဦးစီးမှူးရာထူးလျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ(၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၂၀)သိန်း (ကျပ်နှစ်ဆယ်သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်းပေးလျော်ရမည်။
( ဌ ) အငယ်တန်းစာရေးရာထူးလျှောက်ထားသူသည် ခိုင်လုံသော အကြောင်းပြချက်တစ်စုံ တစ်ရာမရှိဘဲ(၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၁၀) သိန်း(ကျပ်ဆယ်သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။
( ဍ ) ယာဉ်မောင်း–၅ ရာထူးလျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာ မရှိဘဲ(၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၅)သိန်း (ကျပ်ငါးသိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။
( ဎ ) ရုံးအကူရာထူး လျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ (၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေး ငွေကျပ်(၅)သိန်း (ကျပ်ငါးသိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော် ရမည်။

၃။ လျှောက်လွှာတွင်–
(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်။
( ခ ) မွေးသက္ကရာဇ်။
( ဂ ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။
(ဃ) လျှောက်ထားလိုသည့်ရာထူး။
( င ) ပညာအရည်အချင်း၊ အောင်မြင်သည့် ခုနှစ်နှင့်အောင်မြင်ခဲ့သည့်ကျောင်း/ တက္ကသိုလ်။
( စ ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်။
(ဆ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်။
( ဇ ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံနှင့်ဖုန်းနံပါတ်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်–
(က) ဒုတိယဦးစီးမှူး၊ အငယ်တန်းစာရေးနှင့် ရုံးအကူရာထူးများတွင် ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ။
( ခ ) ယာဉ်မောင်း–၅ ရာထူးတွင် အထောက်အထားအတွက် ယာဉ်မောင်းလိုင်စင်မိတ္တူ။
( ဂ ) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ၊
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ။
( င ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
( စ ) သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံမှ(၆)လအတွင်း ရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက် (မူရင်း)၊
(ဆ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၆)လ အတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)။

၅။ နိုင်ငံ့ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ပြင်ပမှလျှောက်ထားသူများအနေဖြင့် ဤဦးစီးဌာန(နေပြည်တော်) ရုံးချုပ်သို့ ၁၂–၉–၂၀၂၅ ရက်နေ့(သောကြာနေ့)အရောက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၇–၉–၂၀၂၅ ရက်နေ့နှင့် ၁၈–၉–၂၀၂၅ ရက်နေ့များတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ယူရန် ဖြစ်ပါသည်။

၇။ ဒုတိယဦးစီးမှူး၊ အငယ်တန်းစာရေးနှင့် ရုံးအကူ ရာထူးနေရာအတွက် ရေးဖြေစာမေးပွဲကို အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကွန်ပျူတာကျွမ်းကျင်မှု (လက်တွေ့) ကို ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲကို ၂၀–၉–၂၀၂၅ ရက်နေ့တွင် စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပြီး ပဏာမရွေးချယ်ခံရသူများကို ဌာနမှ ဆက်သွယ် အကြောင်းကြားပါမည်။

၈။ ၂၄–၉–၂၀၂၅ ရက်နေ့တွင် ဒုတိယဦးစီးမှူး၊ အငယ်တန်းစာရေး၊ ယာဉ်မောင်း–၅နှင့် ရုံးအကူ ရာထူးနေရာများအတွက် လူတွေ့/လက်တွေ့စစ်ဆေးမည် ဖြစ်ပါသည်။

၉။ အသက်ကန့်သတ်ချက်ကျော်လွန်သူများ၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျသောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် (၀၆၇–၃၄၃၀၅၇၁)သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မူပိုင်ခွင့်ဦးစီးဌာန**

---

## ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဟားခါးမြို့
## ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအတွက် တင်ဒါအမှတ်စဉ် (၄/၂၀၂၅)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ဆောင်ရွက်မည့် (၄၈'–၀" x ၃၂'–၀") R.C.C (၃)ထပ် အဆောက်အအုံဆောက်လုပ်ခြင်း (Apron & Drain၊ ရေ၊ မီး၊ မိလ္လာ၊ မိုးကြိုးလွှဲအပါအဝင်)လုပ်ငန်းအား လုပ်ငန်းတင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ ဝယ်ယူတင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်–

၂။ (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်နေ့ရက်/အချိန်/** – ၃–၉–၂၀၂၅ ရက်၊ နံနက်(၉:၃၀)နာရီမှ ညနေ(၄:၀၀)နာရီ
(ခ) **တင်ဒါလျှောက်လွှာပုံစံအရောင်းပိတ်မည့်နေ့ရက်/အချိန်** – ၁၇–၉–၂၀၂၅ ရက်၊ ညနေ(၄:၀၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာပုံစံဝယ်ယူရမည့်နေရာ** – လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ချင်းပြည်နယ်၊ ဟားခါးမြို့
(ဃ) **Pre-bid Meeting ကျင်းပမည့်နေ့ရက်/အချိန်** – ၁၇–၉–၂၀၂၅ ရက်၊ ညနေ(၃:၃၀)နာရီ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး (အလယ်ထပ်)
(င) **PO Cheque ပေးသွင်းရမည့်နောက်ဆုံးရက်** – ၁၈–၉–၂၀၂၅ ရက်၊ ညနေ(၄:၀၀)နာရီ
(စ) **စာအိတ်(A နှင့် B)နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန်** – ၁၈–၉–၂၀၂၅ ရက်၊ ညနေ(၄:၀၀)နာရီ
(ဆ) **တင်ဒါစိစစ်ရွေးချယ်မည့်နေ့ရက်/အချိန်** – ၁၉–၉–၂၀၂၅ ရက်၊ နံနက်(၁၀:၀၀)နာရီ
(ဇ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** – ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး(အလယ်ထပ်)

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ဒုတိယညွှန်ကြား ရေးမှူး(မြို့ပြ)ရုံး၊ ဟားခါးမြို့၏ ဖုန်းနံပါတ် (09–429868772၊ 09 –346189763)တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ –၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၇၈

၁။ ဒေါ်ချမ်းအေး **နှင့်** ဒေါ်ညွန့်တင်
၂။ နန်းအွမ်ဖောင်းဟွမ်
**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား (၄)လမ်း၊ အမှတ်–၉၆နေ ဒေါ်ညွန့်တင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၅ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၉ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ချိုကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဗ–၂၂)၊ ဦးပိုင်အမှတ်(၆၇)၊ ၅၅လမ်း၊ ၁၁၅x၁၁၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးချစ်ကိုကို ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၂၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးရီ ၈/ရစက(နိုင်) ၀၀၅၆၇၂၊ဦးဘုန်းကျော် ၈/ရစက(နိုင်)၂၈၂၆၀၂ တို့က အမှုတွဲအမှတ် (၂၂၉၂/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၂၊ ဦးပိုင်အမှတ် ၅၅၊ ၂၀x၂၁ကြား၊၆၂x၆၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်ထွေး ၉/မနတ(နိုင်) ၀၁၀၂၇၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၄၁/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်နွဲ့ရီ ၈/ပခက(နိုင်)၀၃၈၁၉၁ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## “သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေငြာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ တောင်တွင်းကြီးလမ်းနေ ဦးစိုးသိန်း(၁၂/အစန(နိုင်)၀၅၂၀၆၈)၏ သားဖြစ်သူ မောင်နေလင်းလတ်စိုး(၁၂/အစန(နိုင်)၀၆၉၉၁၂) အား ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိုးသိန်း (၁၂/အစန(နိုင်) ၀၅၂၀၆၈ )**

---

## မိခင်အမည်မှန်

မိုးညှင်းမြို့၊ အထက(၃)တွင် ပညာသင်ကြားနေသော Grade–12မှ မနန်းစုစုအောင်နှင့် Grade–8မှ မနန်းစုစုဖိုလ် တို့၏ မိခင်အမည်မှန်မှာ ဒေါ်စောနန်းမူ ၁/မညန(နိုင်) ၀၂၆၇၃၄ ဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့၊ အထက(ခွဲ) ပဲဒဲမှ အထက်တန်းပြဆရာ ဦးကျော်စိုး (၇/တငန(နိုင်)၁၀၇၁၉၃) ၏ ဖခင်အမည် ဦးကြင်အောင်နှင့် ဦးကျင်အောင် (၇/တငန(နိုင်) ၀၅၃၆၁၈)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြင်အောင်(ခ)**
**ဦးကျင်အောင်**

---

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပြည့်စုံကိုယ်ပိုင်အထက်တန်းကျောင်းမှ ဦးမောင်ဝေ ၉/ ငဇန(နိုင်)၁၁၄၇၀၄ ၏သမီး မဆုပြည့်လျှံ၏ အမည်မှန်မှာ မဆုပြည့်ရှန် ၉/ငဇန(နိုင်)၁၅၈၆၁၂ ဖြစ်ပါကြောင်း။

**မဆုပြည့်ရှန်**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်စက်ရုံမြေ အခြေခံပညာအလယ်တန်းကျောင်း Grade–4 တွင် ပညာသင်ကြားနေသော စိုင်းအောင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးမိုင်းဝေ ဖြစ်ပါကြောင်း။

**ဦးမိုင်းဝေ**
**(၉/စကတ(နိုင်)၁၁၇၂၄၉)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 56W/58242, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်းသူဇာ ၁၄/လမန(နိုင်)၁၀၉၄၈၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/15892 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူရိန်ကျော် ၇/ပခန(နိုင်)၄၆၈၈၇၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/40807 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြတ်လင်း ၇/ဝမန(နိုင်)၁၆၅၆၅၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့ အ.ထ.က(၁) Grade–10 မှ ကျောင်းဝင်အမှတ်(၁၂၀/၁၉) မဆုလင်းလဲ့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်ဦး ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်ဦး**

---

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ အထက(၁)၊ G–12၊ (STEAMS–1)မှ ကျောင်းဝင်အမှတ်(၁၁၆၈) ကျောင်းသား မောင်မိုးထက်နိုင် ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဇော်ဦး ၁၄/မမန(နိုင်) ၂၁၃၄၃၅ ဖြစ်ပါကြောင်း။

**ဦးနိုင်ဇော်ဦး**

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက(လယ်ကိုင်း) Grade–12 မှ မောင်အာကာရှင်းသန့်ဇော် ၈/ပဖန(နိုင်) ၁၈၂၁၇၅ (ကျောင်းဝင်အမှတ်–၄၁၇၁) ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ထွန်း ၈/မဘန(နိုင်)၀၈၉၀၃၇ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ထွန်း**

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက(ကုန်းဇောင်း) Grade–12မှ မောင်ပြည့်ဖြိုးကျော် ၈/စလန(နိုင်) ၂၇၇၀၁၀(ကျောင်းဝင်အမှတ်– ၀၄၂၆)၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်မင်း ၈/ပဖန(နိုင်) ၀၇၃၉၅၇ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်မင်း**

---

## အမည်ပြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၈)ရပ်ကွက် ထ၀/၅၇နေ (ဘ)ဦးစောဝင်းထိန် (မိ)ဒေါ်နန်းသင်းသင်းဝေ တို့၏ သမီးဖြစ်သူ နန်းမိုးသူဇာခင်မှ နန်းမိုးသူဇာသို့ ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာ(အထက) Grade–3တွင် ပညာသင်ကြားနေသော မောင်ဖြိုးသုတမောင်နှင့် Grade–6 တွင် ပညာသင်ကြားနေသော မလပြည့်ပြည့်မိုးတို့၏ ဖခင်အမည်မှန်မှာ ဦးထွေး(၈/စတရ(နိုင်)၀၂၆၀၀၉) ဖြစ်ပါကြောင်း။

**ဦးထွေး**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အုတ်ဖိုရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်အမာတင် ၈/ပဖန(နိုင်) ၀၁၁၃၇၆ ၏ ဖခင်အမည်မှန်မှာ ဦးပု(ခ)ဦးပုရှိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပု(ခ)ဦးပုရှိန်**

---

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက (ဥက္ကံ)မှ ဒုတိယ အလယ်တန်းပြ ဒေါ်မေသက်လွင် ၁၂/တကန(နိုင်) ၁၃၃၇၀၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀၀၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၃၁–၃–၁၉၈၃ ဖြစ်ပါကြောင်း။

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၄၊ ဝါခင်းကုန်း၊ ဦးပိုင်အမှတ် ယခင် ၆၇/၇၊ ယခု ၂၄၆–ခ၊ ၂၉x၃၀ကြား၊ ၅၆x၅၇ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၂၉၄၂/၉၀–၉၁)အရ ဦးလှတင့် ၉/ပသက(နိုင်)၀၀၉၃၈၉ အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန်နှင့် မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊တရားရုံးကျမ်းကျိန်ချက်၊တောဂရန်တို့တင်ပြ၍ ဒေါ်ပြုံးရီ ၉/ပသက(နိုင်)၀၀၉၃၈၈မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ "ဈ" ရပ်ကွက်၊ အကွက်အမှတ် H–၂၁၈၊ ဦးပိုင်အမှတ် ၉၄၊ ၅၇X၅၈ကြား၊ ၁၃၈X၁၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မြင့် ၁/ မကတ(ဧည့်)၀၀၀၅၇၃၊ ဒေါ်ရင်ချွန်(ခ)နီနီဝင်း ၁/မညန(ဧည့်)၀၀၀၁၀၆တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## တင်ဒါအမှတ် - ၁ / ၂၀၂၅-၂၀၂၆ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ်စက်ရုံခွဲ(ချောက်)၏ (၉.၀၉)ဧက (COVER AREA) အား စက်မှုလုပ်ငန်းလုပ်ကိုင်ရန်အတွက် (၅)နှစ်သက်တမ်းငှားရမ်းမည်ဖြစ်ပါသည်။

၂။ **တင်ဒါအစီအစဉ်**

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - (၄-၉-၂၀၂၅ )နံနက်(၁၀:၀၀)နာရီ

(ခ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ( ၃-၁၀-၂၀၂၅ ) ညနေ(၁၆ : ၀၀)နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို (၄-၉-၂၀၂၅ ) ရက်မှစ၍ ရုံးချိန်အတွင်း အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၄၀၈၃၉၃၊ ၀၉-၄၂၅၃၁၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

ရေစကြိုမြို့နယ်၊ ဆင်ချောင်း အထက Grade-12တွင် ပညာသင်ကြားနေသော မမိုးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးစိုးမြတ်သူ(ခ)ဦးစိုင်းမြတ်သူ ၈/ရစက(နိုင်) ၁၆၆၀၈၄ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မတွမ်ကျင်းလန် ၁၃/လကန(နိုင်)၀၀၆၇၃၆ ၏ နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၇၂၉၉၉၉၉**

## ပတ်စ်ပို့ပျောက်

မချင်းချင်း(ခ)မသီသီနွယ် ၁၃/လရန(နိုင်)၁၃၃၇၄၅ ၏ နိုင်ငံကူးလက်မှတ် နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၉၈၆၆၆၆၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်း ဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ပြည်ပန်းကျေးရွာနေ ဦးလှမောင်၏ သမီးဖြစ်သူ ဒေါ်အမာရင် (ခ) ဒေါ်မာရင် ၉/ကဆန(နိုင်) ၀၆၈၀၅၅ မှာ အိမ်ထောင်စုစာရင်းအရ တစ်ဦးတည်းဖြစ်ပါကြောင်း။**ဒေါ်အမာရင်(ခ)ဒေါ်မာရင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်၊ ကွင်း/အကွက် အမှတ်နှင့်အမည် ၆၈၀/ရေငယ်အနောက်၊ ဦးပိုင်အမှတ် (194/220)၊ မြေရီယာ(၈၀x၄၂၅)ပေမှ ခွဲစိတ်၍ အကွက်အမှတ် (A-9) မြေအကျယ်အဝန်း အရှေ့(၅၈)ပေ၊ အနောက်(၅၈)ပေ၊ တောင်(၄၁)ပေ၊ မြောက်(၄၀)ပေရှိ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိတရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာဆွေ(ဘ) ဦးကျော်မြိုင်(၅/ကဘလ(နိုင်)၁၀၇၆၀၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ထူး (ဘ)ဦးတင်မောင် (၅/မရန(နိုင်)၀၄၀၉၁၅)မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းသန္တာဖြူ (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၇၆)**

**ဒေါ်အေးအေးသန်း(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၇၁)**

**အမှတ်(၂၅၀)၊ ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့ ၊**

**ဖုန်း-၀၉-၄၀၂၆၁၇၂၂၁၊ ၀၉-၄၃၁၇၂၀၄၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ- ၅၄၊ ဦးပိုင်အမှတ် ၆၈၊ ၅၂လမ်း၊ ၁၂၆x၁၂၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သက်ချိုဦး ၇/ပခန(နိုင်) ၀၈၅၇၉၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၉၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ထွေး ၉/မရမ(နိုင်) ၀၀၄၀၀၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/91511 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်း ၇/ဝမန(နိုင်)၀၁၀၈၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**

**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/77193 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လှထွန်း ၇/ပခန(နိုင်)၂၁၉၅၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**

**ဦးစီးမှူးရုံး(ပဲခူး)**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်ပြတိုက်ခြံစည်းရိုး အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)စီမံဌာနတွင် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၉-၂၀၂၅ရက်မှ ၂-၁၀-၂၀၂၅ရက်ထိ (ရုံးချိန်အတွင်း)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(နေပြည်တော်)၊ စီမံဌာန

၅။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၁၀-၂၀၂၅ရက်၊ (၁၆:၀၀)နာရီ

၆။ တင်ဒါဖွင့်ဖောက်မည့်ရက်၊အချိန်နှင့်နေရာကို ထပ်မံအကြောင်းကြားပါမည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)၊ ဖုန်း-၀၉-၄၀၀၀၀၈၄၇၆၊ ၄၂၀၇၀၂၇၁၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဉ္ဇူ(၃၉)လမ်း၊ အမှတ်(J/၃၄)ဟုခေါ်တွင်သော သက်ဆိုင်ရာဌာနတွင် ဦးခင်ဇော် အမည်ဖြင့် စလစ်ပြေစာအမည်ပေါက် ပေ(၄၀x၆၀)အကျယ်ရှိမြေကွက်အနက်မှ ခြေရင်းခြမ်း ပေ(၂၀x၆၀)အကျယ်ရှိ ခြံမြေကို လက်ရှိပိုင်ရှင်ရောင်းချခွင့်ရှိသူဟု ဝန်ခံသူ ဦးစန်းလွင် (၁၄/အမန(နိုင်)၀၉၁၇၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှ(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**

**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၈၄၂၃၇၉၅**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/8765 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၇၊ သစ္စာလမ်းနှင့် ရွှေဂုံသီရိလမ်းထောင့်၊ မြေကွက်အမှတ် - ၃၅ နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲမင်းထက်လတ် (၁၂/ဗတထ(နိုင်)၀၃၃၁၆၆)၏ အခွင့်ပေးလွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ သစ္စာလမ်းနှင့် ရွှေဂုံသီရိလမ်းထောင့်၊ မြေကွက်အမှတ် (၃၅)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ နှစ် (၆၀)ဂရန်မြေကွက်မှာ ကျွန်ုပ်မိတ်ဆွေ ဦးရဲမင်းထက်လတ်မှ လက်ရှိထားစီမံခန့်ခွဲ၍ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက် ဖြစ်ပါသည်။

ယခုအခါ အဆိုပါမြေကွက်ကို ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ လွှဲပြောင်းရောင်းချရန်ပြုလုပ်နေကြောင်း သိရှိရ ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် ၄င်းအမည်ပေါက်ပိုင်ဆိုင်သောအထက်ပါမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချရန်လွှဲအပ်ထားခြင်း၊ ကမ်းလှမ်းထားခြင်း၊ စရန်ငွေရယူထားခြင်း(လုံးဝ)မရှိပါ။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေအမည်ပေါက်ပိုင်ဆိုင်သော အထက်ပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ လွှဲပြောင်းရောင်းချခြင်းများပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ဇော်ဟိန်း (LL.B.,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၇၇)**

**အမှတ် (၉)၊ ပထမထပ်၊ ထီးတန်း(၁)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း -၀၉-၂၅၃၃၂၇၀၆၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် ၃၈နေ ဦးမြင့်သိန်း ၁၄/မအပ(နိုင်)၀၁၁၈၁၂နှင့် ဒေါ်မြင့်မြင့်သန်း ၁၄/မအပ(နိုင်)၀၁၁၈၁၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမြင့်သိန်း ၁၄/မအပ(နိုင်)၀၁၁၈၁၂နှင့် ဒေါ်မြင့်မြင့်သန်း ၁၄/မအပ(နိုင်)၀၁၁၈၁၁တို့၏ သားအရင်းဖြစ်သူ မောင်ကောင်းခန့်ကျော် (ခ)အောင်ဘိုကျော် ၁၄/ မအပ(နိုင်)၁၇၆၉၁၂သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအတိုင်း ဆောင်ရွက်နေသူဖြစ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ကောင်းခန့်ကျော်(ခ)အောင်ဘိုကျော်နှင့် ပတ်သက်ဆက်နွယ်သော လူမှုရေးအရှုပ်အရှင်းပြဿနာများ၊ ငွေရေးကြေးရေး အရှုပ်အရှင်းနှင့် အခြားမည်သည့်ကိစ္စရပ်များကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်ကောင်းခန့်ကျော် (ခ) အောင်ဘိုကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစောလင်းလင်းထိုက်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်/၁၃၅၉၉)**

**အမှတ်(၂၀/ခ)၊ ခိုင်သော်တာလမ်း၊ (၇)ရပ်ကွက်၊ မအူပင်မြို့၊**

**ဖုန်း-၀၉- ၄၄၂၀၆၀၄၃၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံး ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ရေနံချောင်းမြို့နယ်တရားရုံးတော်
## ၂၀၂၅-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၀

ဦးမျိုးသန့်ကျော် **(တရားလို)** နှင့် ဒေါ်မျိုးသန္တာထွန်း **( တရားပြိုင်)**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်ကွက်၊ မြို့မမြောက်ကမ်းနားရပ်နေ တရားပြိုင် ဒေါ်မျိုးသန္တာထွန်း (ဘ) ဦးမြင့်ကြည် (ခ) ဦးအောင်မြင့်ကြည်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးသန့်ကျော်က တရားလိုက တရားပြိုင်ထံမှ ငွေကျပ် (၂၅) သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ရုံးအခွင့်အမိန့်ရရှေ့နေနေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါလာ၍ဖြစ်စေ ၂၀၂၅-ခုနှစ် စက်တင်ဘာလ (၁၅) ရက်၊ ( ၁၃၈၇ - ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်တမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(အောင်သီဟချစ်)**

**ဒုတိယမြို့နယ်တရားသူကြီး (၂)**

**ရေနံချောင်းမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

